မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၉ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၆၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

လက်ခံတွေ့ဆုံ

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဂျွန်ဘားဒ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ကနေဒါနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျွန်ဘားဒ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဂျွန်ဘားဒ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံရုံးယာယီတာဝန်ခံ Ms. Jennifer May တက်ရောက်သည်။

တွေ့ဆုံရာ၌ နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ ပိုမိုဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၁၂ ခုနှစ် မတ်လ ၉ ရက်)

ဂီတနှင့်ကျန်းမာရေး

ဂီတသည် ကမ္ဘာပေါ်တွင်ရေပန်းစားနေသော ကျန်းမာရေးကုထုံးများအနက် တစ်ခုအပါအဝင်ဖြစ်၏။ ထိုဂီတကုထုံးကို ကျန်းမာရေးနယ်ပယ်တွင် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနေကြပေပြီ။ ဂီတသည် လူ၏ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတို့တွင် များစွာအကျိုးသက်ရောက်မှုရှိကြောင်းကိုလည်း သုတေသီများက သက်သေပြနိုင်ခဲ့ကြပြီဖြစ်သည်။

မြန်မာ့လူ့ဘောင်တွင် ထိုဂီတကုထုံးကို ဘယ်ခေတ်ဘယ်အခါက စတင်အသုံးပြုသည်ကို အတိအကျမပြောနိုင်သော်လည်း ကလေးဘဝကတည်းက စတင်အသုံးပြုခဲ့သည်ကို မည်သူမျှ ငြင်းကွယ်နိုင်မည်မဟုတ်ပါချေ။ အဘယ်ကြောင့်ဟူမူ လူတိုင်းသည်ကလေးဘဝတွင် ကလေးချော့တေးများဖြင့် အငိုတိတ်ခဲ့ရသည်။ ကလေးချော့တေးကဗျာတို့ဖြင့် အိပ်ခဲ့ရသည်မဟုတ်ပေလော။

''လူကလေးရဲ့ငို··၊ခိုဖမ်းလို့ပေး··၊ ခိုဖြူခိုပြာနက်ကယ်··၊ အဖမ်းခက်လှသေး··'' အစချီသည့်တေးကဗျာလေးကို လူတိုင်းပင် ကြားဖူးကြပေလိမ့်မည်။ ဤတေးကဗျာလေးသည် ဂီတပင်ဖြစ်၏။ မိဘများက ထိုဂီတဖြင့်ပင် ကလေး၏ နာကျင်ခံစားမှုများကို ကုစားခဲ့ကြသည်။ ကလေးတို့သည် ဂီတဖြင့်ပင်စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာတို့ ပြေပျောက်ခဲ့ရသည်။ မြန်မာမှုနယ်ပယ်တွင် အလားတူ ကလေးချော့တေးကဗျာများစွာရှိပေသည်။ ဤသည်မှာ မြန်မာ့လူ့ဘောင်တွင် ဂီတကုထုံးကို ကလေးဘဝကတည်းက စတင်အသုံးပြုခဲ့သည့် သက်သေ သာဓကပင်တည်း။

ဂီတသည် သံစဉ်အမျိုးမျိုး၊ တေးသွားအဖုံဖုံရှိကြသည်။ သာယာငြိမ့်ညောင်းသောအသံ၊ မြူးမြူးကြွကြွအသံ၊ ဝုန်းဝုန်းဒိုင်းဒိုင်းအသံ အစရှိသဖြင့် ဂီတသံစဉ်အမျိုးမျိုးရှိကြသည်။ မည်သည့်ဂီတ၊ မည်သည့်သံစဉ်ဖြစ်စေ ဂီတကုထုံးအဖြစ်အသုံးပြုနိုင်၏။ သာယာငြိမ့်ညောင်းသောဂီတအသံသည် စိတ်ကိုပြေလျော့စေ၏။ မြူးမြူးကြွကြွဂီတသံစဉ်သည် စိတ်ကိုလန်းဆန်းစေ၏။ ဝုန်းဝုန်းဒိုင်းဒိုင်းဂီတသံမှာ စိတ်ကိုလှုပ်ရှားတက်ကြွစေ၏။ သောတအာရုံမှတစ်ဆင့်ရိုက်ခတ်လာသော ဂီတသံစဉ်များသည် ဦးနှောက်လှိုင်းများကို လှုံ့ဆော်ပေးနိုင်၏။ ဦးနှောက်ကိုနှိုးဆွပေးလိုက်သဖြင့် အခြားသောအာရုံကြောအဖွဲ့အစည်းတို့လည်း အလိုအလျောက်လှုပ်ရှားတက်ကြွစေနိုင်၏။

ဂီတကိုနားဆင်ခြင်းဖြင့် နှလုံးခုန်ခြင်း၊ အသက်ရှူမှုအနေးအမြန်ကို ဖြစ်စေခြင်း၊ ကြွက်သားများတင်းမာမှုကို ပြေလျော့စေခြင်းစသည့် ရုပ်ပိုင်းဆိုင်ရာများ တိုးတက်ပြောင်းလဲစေနိုင်သည်။ ဂီတကို နားဆင်ခြင်း၊ ကြည့်ရှုခြင်း၊ ကိုယ်တိုင်သီဆိုခြင်းတို့ဖြင့် ဝေဒနာကို ကုစားနိုင်သည်။ ဂီတကုထုံးသည် ကင်ဆာရောဂါဝေဒနာခံစားနေရသူများကိုပင် သက်သာရာရစေနိုင်ကြောင်း ပညာရှင်တို့ကဆိုကြသည်။

လူတို့အနေဖြင့် နိစ္စဓူဝလုပ်ကိုင်နေကြရသော အလုပ်တို့တွင် စိတ်ညစ်စရာ၊ စိတ်ဓာတ်ကျစရာ၊ ဒေါသထွက်စရာများ ရှိကောင်းရှိပေလိမ့်မည်။ နှလုံးရောဂါ၊ သွေးတိုးရောဂါဓာတ်ခံရှိသူများသည် စိတ်ဖိစီးမှုခံစားရပါက ရုတ်တရက်နှလုံးဖောက်ပြန်ခြင်း၊ လေဖြတ်ခြင်းစသောဝေဒနာများဖြစ်ပေါ်ကာ အသက်ဆုံးရှုံးနိုင်သည်။ ဒေါသအထွက်လွန်ကဲလျှင် နှလုံးကိုတိုက်ရိုက်ထိခိုက်စေနိုင်သည်။ ထိုအခါ ဂီတကုထုံးဖြင့် ပြန်လည်ကုစားပေးရသည်။ ဒေါသထွက်ပြီးနောက် စိတ်ပြေပျောက်စေရန် သီချင်းတစ်ပုဒ်နားထောင်ခြင်း၊ ရုပ်မြင်သံကြားရှေ့တွင် ခေတ္တမျှ အနားယူကြည့်ရှုခြင်းများ ပြုလုပ်ပေးရသည်။ ဖြစ်နိုင်လျှင် သီချင်းတစ်ပုဒ်ကို ကိုယ်တိုင်သီဆိုပေးနိုင်လျှင် ကောင်းသည်။

ထို့ကြောင့် ဂီတသည် ဆေးတစ်တောင့်၊ ဆေးတစ်ဖုံမဟုတ်သော်လည်း အလွန်အသုံးဝင်သော ကုထုံးတစ်ရပ်ဖြစ်သည်ကို အထင်အရှားတွေ့ရပေသည်။ ယနေ့ခေတ်တွင် ထိုဂီတကုထုံးကို အနောက်နိုင်ငံများတွင် ဆေးရုံဆေးခန်းများ၌ပင် အသုံးပြုနေကြပြီဖြစ်ကြောင်း သိရသည်။

သို့ပါသောကြောင့် ပြည်သူတို့အနေဖြင့် ဂီတသည် ဆေးကောင်းတစ်လက်အဖြစ် မပြနိုင်သော်လည်း ကုထုံးကောင်းတစ်ရပ်အဖြစ် အသုံးပြုသင့်ပေသည်။ သာယာငြိမ့်ညောင်းသော ဂီတ၊ မြူးကြွသော ဂီတသံစဉ်များကိုနားဆင်ပြီး ဝေဒနာများသက်သာစေရန် ကုစားသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပညာရောင်ခြည်စာကြည့်တိုက်အဆောက်အအုံသစ် တိုက်ကြီး၌ဖွင့်

တိုက်ကြီး မတ် ၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရှမ်းစုကျေးရွာတွင် မတ် ၃ ရက် နံနက် ၈ နာရီက ပညာရောင်ခြည်ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ စာအုပ်စာစောင်လှူဒါန်းပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ဦးစီးအရာရှိတို့က အမှာစကားများပြောကြားကြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ အလှူရှင် ဒေါ်သိန်းသိန်းကြည်၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းကလျာခိုင်တို့က သုတရသစာအုပ်စာစောင် ၁၅၀ တို့ကိုပေးအပ်လှူဒါန်းကြရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းလွင်နှင့် တာဝန်ရှိသူတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ဘုရားကျောင်းအား ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၈

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၁ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ စီယမ်ရိဒ်မြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂ ရက် နံနက်ပိုင်းက စီယမ်ရိဒ်မြို့ ရှေးဟောင်းအန်ကောဝပ် ဘုရားကျောင်းကို သွားရောက်ကြည့်ရှုလေ့လာပြီး ညနေပိုင်းတွင် ပိုင်လင်းမြို့သို့ရောက်ရှိကြသည်။

မတ် ၃ ရက်က ပိုင်လင်းမြို့ အောင်စူဠာမဏိစေတီတော်၌ ကျင်းပသည့် နတ်ပူဇော်ပသပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H. E. Madam Men Sam An၊ယဉ်ကျေးမှုနှင့်အနုပညာဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Him Chhem နှင့်ဒုတိယဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

မတ် ၄ ရက် နံနက်ပိုင်းက ပိုင်လင်းမြို့ အောင်စူဠာမဏိစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်တင်လှူပွဲအခမ်းအနားသို့တက်ရောက်ပြီး ပိုင်လင်းမြို့မှ မော်တော်ယာဉ်ဖြင့် စီယမ်ရိဒ်မြို့သို့ရောက်ရှိ၍ ၎င်းမှလေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ သိကောင်းစရာ ထန်းတပင်မြို့နယ်၌ အသိပညာပေးဟောပြော

ထန်းတပင် မတ် ၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် သီရိမင်္ဂလာခန်းမ၌ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီကကျင်းပရာ တောင်ငူခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးချင်းစိန်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးအရာရှိ ဦးနေသွေး၊ ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတိုက်ဖျက်ရေးအထူးအဖွဲ့မှ ရဲအုပ်မျိုးသိန်း၊ ကျောက်တံခါးမြို့နယ် တောကျွဲအင်းရဲစခန်းမှူး ရဲအုပ်ခင်မောင်လှတို့က လူကုန်ကူးမှုဆိုင်ရာအကြောင်း သိကောင်းစရာများ ဆွေးနွေးဟောပြောကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ တာလေမြို့၌ပေးအပ်

တာချီလိတ် မတ် ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့်(၂)ဖြင့် ဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်က တာလေမြို့ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထိန်ဝင်းက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဟိုပင်၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

ဟိုပင် မတ် ၈

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲ ရွှေမြိုင်ရတနာ ရွှေမော်လေးဆယ့်ငါးကုမ္ပဏီ စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲက မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ကြသည်။ အဆိုပါသရုပ်ပြလေ့ကျင့်မှုကို ဟိုပင်မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းဇော်၊ ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ရန်နိုင်ဝင်း၊ အရန်မီးသတ်တပ်ဖွဲ့တာဝန်ခံဒုတိယတပ်ရင်းမှူး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ (မီးသတ်ဦးစီးဌာန)

လတ်ဆတ်သောပင်လယ်ငါးများ ဈေးနှုန်းချိုသာစွာရောင်းချ

ရန်ကုန် မတ် ၈

နိုင်ငံတော်က အသားငါးထုတ်လုပ်မှုကဏ္ဍတွင် ပြည်တွင်းစားသုံးမှုဖူလုံရေး၊ ပြည်ပပို့ကုန်မြှင့်တင်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထု ကျန်းမာသက်ရှည်ရေးအတွက် အထောက်အကူပြုသော ပင်လယ်ငါးများ လတ်ဆတ်ပြီး ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရန်အလို့ငှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမဝါယမဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဦးပိုင်အဏ္ဏဝါအောင်၊ ရွှေဇင်ယော်ဟိန်း၊ မြန်မာမန်း၊ MMG စသည့် ငါးတင်၊ ငါးချဆိပ်ကမ်းများ ပူးပေါင်းစီစဉ်မှုဖြင့် ပလာတူး၊ ကင်းမွန်(ပြည်ကြီးငါး)၊ ရွှေငါး၊ ပြည်တော်သာ၊ ငတီး၊ ဝိုင်းနီ၊ ဇင်ပြား၊ ငါးပုလွေ စသည့် ပင်လယ်ငါးများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သမဝါယမအသင်းများက ရောင်းချပေးလျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူထံမှ သိရှိရသည်။

(ဆွေနိုင်)

ငါးသားဖောက်နည်းပညာ ငါးသိုင်းချောင်း၌ လက်တွေ့သရုပ်ပြ

ပုသိမ် မတ် ၈

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲ၌ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရွှေဝါငါးကြင်းမျိုး ငါးသားဖောက်နည်း လက်တွေ့သရုပ်ပြခြင်း အခမ်းအနားကို မတ် ၁ ရက် နံနက် ၈ နာရီခွဲက ရွှေဘိုရပ်ကွက် ဦးမိုးနိုင်၏ ငါးမွေးမြူရေးကန်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ဦးစီးမှူး ဦးထွန်းလွင်က အမှာစကားပြောကြားပြီးနောက် စခန်းတာဝန်ခံ ဒေါ်အေးအေးမော်က ရွှေဝါငါးကြင်းမျိုး ငါးသားဖောက်နည်းပညာကို လက်တွေ့သရုပ်ပြရှင်းလင်းပြောကြားကာ ခရိုင်ဦးစီးမှူးက ငါးမွေးမြူရေးကန်ပိုင်ရှင် ဦးမိုးနိုင်အား ရွှေဝါငါးကြင်းမျိုးငါးသုံးစုံ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) မင်းဇော်ဦး(ရေကြည်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျွန်ဘားဒ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဇမ္ဗူသီရိအဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ တက်ရောက်ကြပြီး ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံရုံးယာယီတာဝန်ခံ Ms. Jennifer May နှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ပကတိနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု၊ လွတ်လပ်၍ တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီ ၁ ရက်တွင် ကျင်းပရန် ဆောင်ရွက်နေမှုနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြန်မာ-ကနေဒါ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကနေဒါနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျွန်ဘားဒ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာကြည့်တိုက်များအတွက် စာအုပ်ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၈

ကျေးရွာ စာကြည့်တိုက်များနှင့် ဘုန်းတော်ကြီး စာသင်ကျောင်းများတွင် လိုအပ်သည့် မြန်မာစာအုပ်များအား အလှူရှင်များ ဝယ်ယူလှူဒါန်းနိုင်ရန်အတွက် Myanmar Book Centre ၏ စာအုပ်ဈေးရောင်းပွဲတော်ကို မတ် ၁၀ ရက်မှ ၁၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ အလုံမြို့နယ် ဗဟိုလမ်း အမှတ် ၅၅ ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဈေးရောင်းပွဲအစီအစဉ်မှာ ဝယ်ယူသူအကြိုက်ဖြစ်သည့် Book-Buffet ပြုလုပ်မည့်နေရာတွင် ကျပ်တစ်သောင်းတန် ၁၂"×၁၀"×၃" အရွယ်ရှိ အိတ်နှင့် ကျပ်နှစ်သောင်းတန် ၁၆"× ၁၀ . ၅" × ၃ . ၅" အရွယ်ရှိ အိတ်များကို ဝယ်ယူပြီး အိတ်အပြည့် မိမိစိတ်ကြိုက် စာအုပ်များရရှိမည့် အစီအစဉ်ဖြစ်သည်ကို တွေ့ရသည်။ ထို့ပြင် အနုပညာ၊ သိပ္ပံ၊ ဆေး၊ Engineering စာအုပ်များ၊ အချက်အပြုတ်နှင့် ကလေးစာအုပ်များကို အထူးလျှော့ဈေးဖြင့် ရောင်းချမည်ဖြစ်ပြီး ကြိုက်နှစ်သက်ရာစာအုပ်များကို တစ်အုပ်ချင်းလည်း ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ ဆိုင်ခွဲများတွင် အဖွဲ့ဝင်များအား ၁၅ ရာခိုင်နှုန်းနှင့် အဖွဲ့ဝင်မဟုတ်သူများအား ၁၀ ရာခိုင်နှုန်း ဈေးလျှော့ရောင်းချမည်ဖြစ်သည်။ အဆိုပါ စာအုပ်ဆိုင်မှ မြန်မာစာအုပ် သုံးသောင်းကျော်နှင့် အင်္ဂလိပ်စာအုပ် ငါးသောင်းကျော်ကို စာကြည့်တိုက် ၄၀၀ ကျော်သို့ လှူဒါန်းပြီး ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သက်ကြီးဆရာဝန်များ အနားယူအပန်းဖြေနိုင်

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့မှ အမှတ် ၁၄-A တောင်မြင်းပြိုင်ကွင်းလမ်း တာမွေကြီး(ခ)ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၂၈၁၈၆ တွင် မတ် ၁ ရက်မှစတင်၍ Day Care Centre ဖွင့်လှစ်ထားပြီးဖြစ်ရာ အသက်(၇၀)နှစ်ကျော် ဆရာဝန်ကြီးများ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိလာရောက် အနားယူအပန်းဖြေနိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

ကြိုတင်မဲဟုဆိုရာတွင်. . . .

ကိုကိုအောင်

(ယမန်နေ့မှအဆက်)

မေး ။ ကြိုတင်မဲကို ဘယ်လိုပေးရမလဲ။

ဖြေ ။ သက်ဆိုင်ရာ ရွေးကောက်ပွဲ နည်းဥပဒေတွေမှာ ကြိုတင်မဲပေးရမည့် နည်းလမ်းတွေကို အသေးစိတ် ဖော်ပြထားပါတယ်။

အုပ်စု (က) အမှတ်စဉ် (၂၊၃၊၄၊၅)တို့ပါ မဲဆန္ဒနယ် ပြင်ပရောက် (ပြည်တွင်းမှာရှိတဲ့) မဲဆန္ဒရှင်များနဲ့ ပတ်သက်လို့ နည်းဥပဒေ ၅၆ (က) အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများဟာ မိမိတို့မြို့နယ်အတွင်းမှာ မဲစာရင်းပါရှိပြီး မဲဆန္ဒနယ် ပြင်ပမှာ ရောက်နေကြတဲ့ ကျောင်းသား၊ သင်တန်းသား၊ အချုပ်ခံနေရသူ၊ ဆေးရုံတက်နေရသူ မဲဆန္ဒရှင်များရှိနေတဲ့ သက်ဆိုင်ရာဌာန၊ အကြီးအမှူးများထံကို **ပုံစံ (၁၅) များ ဖြန့်ဖြူးပေးပို့ရပါမယ်။** (မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက အချိန်မီ မပို့သေးရင်လည်း သက်ဆိုင်ရာဌာနအကြီးအမှူးများက မိမိကျောင်း၊ သင်တန်း၊ အချုပ်စခန်း၊ ဆေးရုံအလိုက် စာရင်းကောက်ပြီး မဲဆန္ဒရှင်များရဲ့ နေရပ်ရင်းက မြို့နယ်ကော်မရှင်အဖွဲ့ခွဲနဲ့ ဆက်သွယ်တောင်းခံနိုင်ပါတယ်။)

အဲဒီလိုပေးပို့/ရောက်ရှိလာတဲ့ ပုံစံ (၁၅) တွေမှာ မဲပေးလိုသူတွေက ကြိုတင်မဲတောင်းခံကြောင်း ဖြည့်စွက်ပြီး မိမိတို့ရဲ့ နေရပ်ရင်းက မြို့နယ်ကော်မရှင်အဖွဲ့ခွဲကို ပြန်လည်ပေးပို့ရင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာ ရပ်/ ကျေး ကော်မရှင်ထံပေးပို့ပါလိမ့်မယ်။ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွေကလည်း ပုံစံ (၁၅)နဲ့ ကြိုတင်မဲတောင်းခံသူတွေဟာ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်-မဟုတ်။ မဲစာရင်းပုံစံ (၁)မှာ စာရင်းရေးသွင်းပြီး မပြီး စိစစ်ပြီး မဲစာရင်းပုံစံ (၁) မှာ မပါသေးရင် စာရင်းသွင်းရပါမယ်။ အဲဒါပြီးရင် ကြိုတင်ဆန္ဒမဲပေးမည့် မဲစာရင်းပုံစံ (၁) သီးခြား (၂) စောင်ကို ပြုစုပြီး (၁)စောင်ကို လက်ခံထားပြီး ကျန် (၁) စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ကြိုတင်ဆန္ဒမဲတွေပေးပို့နိုင်ရန်အတွက် ပေးပို့ရပါမယ်။ အဲဒီစာရင်းအရ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေရဲ့ အမည်စာရင်း ကြေညာပြီး မဲလက်မှတ်များရရှိတဲ့အခါမှာ ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲတွေက ကြိုတင်မဲလက်မှတ်နဲ့ ကြိုတင်မဲစာအိတ်တွေကို သက်ဆိုင်ရာ မဲဆန္ဒရှင်တွေရှိရာ ကျောင်း၊ သင်တန်း၊ အချုပ်စခန်း၊ ဆေးရုံတွေဆီကို ပြန်ပို့ပေးပါလိမ့်မယ်။

သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်စခန်း၊ ဆေးရုံအကြီးအမှူးဟာ ၎င်းထံ ရောက်ရှိလာတဲ့ မဲလက်မှတ်နဲ့ စာအိတ်တွေကို နည်းဥပဒေ ၅၉၊ ၆၀ တို့နဲ့အညီ မဲဆန္ဒရှင်တွေထံကို ဖြန့်ဖြူးပေးပြီး၊ လွတ်လပ်စွာ ဆန္ဒပြုစေမှာဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေ ဆန္ဒပြုပြီးတဲ့ ကြိုတင်မဲစာအိတ်တွေကို ဌာနအကြီးအမှူးထံ ပြန်အပ်တဲ့အခါ စာအိတ်ပေါ်မှာပါတဲ့ မဲဆန္ဒနယ်နဲ့ လိပ်စာများအတိုင်း ၎င်းတို့ရဲ့နေရင်းဒေသက မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံကို ချက်ချင်းပြန်ပို့ပေးမှာ ဖြစ်ပါတယ်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲကတော့ အဲဒီပြန်ရောက်လာတဲ့ ကြိုတင်မဲပါ စာအိတ်တွေကိုမပျက်စီးအောင် စနစ်တကျသိမ်းဆည်းထားပြီးနောက် ရွေးကောက်ပွဲနေ့ ညနေ ၄ နာရီအချိန်မှာ စာရင်းပိတ်ပြီး အများပြည်သူအသိသက်သေနဲ့ ကိုယ်စားလှယ်လောင်းတွေရှေ့မှာ ရေတွက်ပြီး ပုံစံ (၁၈)နဲ့ မှတ်တမ်းတင်မှာ ဖြစ်ပါတယ်။ သတိပြုရမယ့်အချက်ကတော့ ကြိုတင်မဲတောင်းခံခြင်း၊ ကြိုတင်မဲများ ပြန်လည်ပေးပို့ခြင်းကို ရွေးကောက်ပွဲရက်မတိုင်မီ (အချိန်မီ) ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲရက် မဲရုံပိတ်ချိန် ၄ နာရီနောက်ပိုင်းမှ ရောက်လာတဲ့ ကြိုတင်မဲတွေကိုတော့ ဖွင့်ဖောက်ရေတွက်မှာ မဟုတ်တော့ပါဘူး။

အုပ်စု (က)၊ အမှတ်စဉ် (၁) က မဲဆန္ဒနယ်ပြင်ပကို ရောက်နေတဲ့ တပ်မတော်သားများနဲ့ အတူနေမိသားစုဝင်များကတော့ ပုံစံ (၁၅) နဲ့ တောင်းခံဖို့မလိုပါဘူး။ ၎င်းတို့အတွက် သက်ဆိုင်ရာတပ်မှူးက မြို့နယ်ကော်မရှင်အဖွဲ့ခွဲကို စာရင်းပေးပြီး ကြိုတင်မဲတောင်းခံရမှာဖြစ်ပြီး ပုံစံ(၁၅) အသုံးမပြုရတာကလွဲလို့ လုပ်ဆောင်ချက်တွေက အတူတူပါပဲ။ ဒီနေရာမှာလည်း သတိပြုဖို့ကတော့ မဲဆန္ဒနယ်ပြင်ပ (ဥပမာ-သင်တန်း၊ ရှေ့တန်းစစ်ဆင်ရေး) နယ်မြေတွေမှာ ရောက်နေသူတွေအတွက်ပဲ အကျုံးဝင်ပါတယ်။ မဲဆန္ဒနယ်အတွင်းမှာရှိသူ တပ်မတော်သား/ မိသားစုတွေကတော့ မဲရုံမှာပဲ မဲပေးရပါမယ်။ မဲရုံကို မလာရောက်နိုင်တဲ့အခြေအနေ [တစ်နည်း အုပ်စု (ခ)နဲ့ အကျုံးဝင်တဲ့အခြေအနေ] ဆိုရင်တော့ ရပ်ကွက်/ ကျေးရွာအုပ်စုတွေမှာ ကြိုတင်မဲ တောင်းခံနိုင်ပါတယ်။

အုပ်စု (က)အမှတ်စဉ် (၆) မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များဆိုတာက လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ အပိုဒ် ၂ (ဆ)မှာ ပါတဲ့အတိုင်း မိမိမဲဆန္ဒနယ် ပြင်ပကထွက်ခွာပြီး အခြားဒေသမှာရှိတဲ့ စီမံကိန်း၊ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများမှာ သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအပါအဝင် အခြားမဲဆန္ဒရှင်များနှင့် အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒနယ်ပြင်ပကို ရောက်ရှိနေကြတဲ့ မဲဆန္ဒရှင်များကို ဆိုလိုပါတယ်။ အဲဒီမဲဆန္ဒရှင်တွေကတော့ တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ စသည်တို့ကဲ့သို့ တစုတဝေးတည်းရှိနေကြတာမဟုတ်ဘဲ အနယ်နယ်အရပ်ရပ်မှာ ပြန့်ကြဲနေကြလို့ ကြိုတင်ဆန္ဒမဲကို ပုံစံ (၁၅)နဲ့ ရယူဖို့ မလွယ်ပါဘူး။ ဒါကြောင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၆ (က) (၁) အရ မိမိတို့ အမြဲတမ်းနေရပ်ရင်းသို့ သွားရောက်ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံမှာ ကြိုတင်ဆန္ဒမဲပေးနိုင်ပါတယ်။ ဒါမှမဟုတ်ရင် ပုဒ်မ ၄၆(က)(၂)အရ ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ မိမိတို့အမြဲတမ်း နေရပ်ရင်းရှိ မဲရုံမှာ ကိုယ်တိုင်သွားရောက် ဆန္ဒမဲပေးဖို့ ဖြစ်ပါတယ်။ ကျန်တဲ့ အုပ်စု (က) (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၇)တို့လို မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှာ ကြိုတင်ဆန္ဒမဲနှင့် ဆန္ဒမဲပေးလို့ မရပါဘူး။ ဒါပေမယ့် အဲဒီအုပ်စု(က) အမှတ်စဉ် (၆) မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များမှာ ထူးခြားတာတစ်ခုရှိပါတယ်။ အဲဒါကတော့ အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက်နေတဲ့သူဖြစ်ရင် အထက်မှာဖော်ပြထားသလို မိမိရဲ့ အမြဲတမ်းနေရပ်ရင်းသို့ သွားရောက်ပြီးမဲပေးနိုင်သလို မိမိတို့ရောက်ရှိနေတဲ့ မဲဆန္ဒနယ်မှာပဲ မဲပေးလိုကြရင်လည်း နည်းဥပဒေ ၁၀(က)အရ မိမိတို့ရောက်ရှိနေတဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စုမဲစာရင်းမှာ မိမိတို့အမည်ကို ထည့်သွင်းပေးဖို့ပုံစံ (၃-က)နဲ့ လျှောက်ထားနိုင်ပါတယ်။ ဒါဆိုရင် အဲဒီမိမိတို့ရောက်ရှိနေတဲ့ ရပ်ကွက်/ကျေးရွာအုပ်စုမှာပဲ မဲပေးနိုင်ပါတယ်။ ကိုယ့်နေရပ်ကိုသွားပြီး မဲပေးဖို့မလိုတော့ပါဘူး။ ဒါကလည်း ရွေးကောက်ပွဲမကျင်းပမီ ရက်ပေါင်း ၃၀ ထက် နောက်မကျဘဲ လျှောက်ထားရပါမယ်။ နောက်ကျရင် မရတော့ဘူး။ ရက်ပေါင်း ၁၈၀ မပြည့်တဲ့သူတွေကတော့ မိမိတို့ အမြဲတမ်းနေရပ်မှာပဲ အထက်ကဖော်ပြထားသလို သွားရောက်မဲပေးရမှာဖြစ်ပါတယ်။

နောက်တစ်မျိုး **အုပ်စု(က)အမှတ်စဉ်(၇)**ဖြစ်တဲ့ အစိုးရရဲ့ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပ (ပြည်ပ) တွင် ရောက်ရှိနေတဲ့ မဲဆန္ဒရှင်တွေနဲ့ပတ်သက်ရင် နည်းဥပဒေ ၅၇ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနေ နိုင်ငံခြားမှာရှိတဲ့ မြန်မာသံရုံးများထံကို ပုံစံ(၁၅)တွေ ပေးပို့ပါမယ်။ နိုင်ငံခြား မြန်မာသံရုံးတွေက မဲဆန္ဒရှင်တွေဆီကို ဆက်သွယ်ပြီး ပုံစံ (၁၅)ဖြည့်စွက်စေပါမယ်။ အဲဒီပုံစံ(၁၅)တွေကို စုစည်းပြီး ကော်မရှင်ကိုပြန်ပို့တဲ့အခါ ကော်မရှင်က သက်ဆိုင်ရာလိပ်စာပါရှိတဲ့ (မဲဆန္ဒရှင်ရဲ့ နေရပ်ရင်းဒေသက) မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွေထံ ပေးပို့ပြီး သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွေက ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွေထံ ပေးပို့ပါလိမ့်မယ်။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတွေက ပုံစံ(၁)မဲစာရင်းမှာ ပါ မပါ။ မဲပေးခွင့်ရှိသူ ဟုတ်-မဟုတ် စိစစ်ပြီး ပုံစံ(၁)မဲစာရင်းမှာ စာရင်းရေးသွင်းရပါမယ်။ ပြီးရင် ကြိုတင်ဆန္ဒမဲပေးမည့် မဲစာရင်းပုံစံ(၁)သီးခြား(၂)စောင်ကို ပြုစုပြီး (၁)စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ပေးပို့ရပါမယ်။ ကျန် (၁)စောင်ကို လက်ခံထားရပါမယ်။

လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်ကြေညာပြီး မဲလက်မှတ်တွေရရှိတဲ့အခါမှာ အဲဒီစာရင်းအရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွေက ကြိုတင်ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ ပေးပို့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်ပရောက် မဲဆန္ဒရှင်တွေဆီကို သံရုံးများကတစ်ဆင့် ပေးပို့ပါမယ်။ အဲဒီအခါ သက်ဆိုင်ရာသံရုံးများက စီစဉ်ပေးတဲ့နေရာတွေမှာ လျှို့ဝှက်ဆန္ဒပြုပြီး စာအိတ်မှာ လုံခြုံအောင်ပိတ်လို့ သံရုံးကိုအပ်လိုက်ရင် ပြည်ထောင်စုကော်မရှင်ထံကို အချိန်မီ ပြန်ရောက်ပါမယ်။ နိုင်ငံခြားက ပြန်ရောက်လာတဲ့ကြိုတင်မဲတွေကို ပြည်ထောင်စုကော်မရှင်က စနစ်တကျသိမ်းဆည်းပြီး မဲဆန္ဒရှင်ရဲ့ နေရပ်ရင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲများထံ အချိန်မီ ပေးပို့သွားမှာ ဖြစ်ပါတယ်။ အဲဒီကြိုတင်မဲတွေကိုလည်း ရွေးကောက်ပွဲနေ့မှာမှ အများရှေ့မှောက်မှာ ရေတွက်မှတ်တမ်းတင်တာဖြစ်ပါတယ်။ သတိပြုရမယ့်အချက်ကတော့ ကြိုတင်မဲနဲ့ စာအိတ်တွေကို အချိန်မီ သံရုံးကို ပြန်အပ်ဖို့နဲ့ စာအိတ်မှာ မိမိရဲ့လိပ်စာအပြည့်အစုံကို တိကျစွာ ဖော်ပြပေးဖို့ ဖြစ်ပါတယ်။ ဒါမှသာ လိပ်စာမမှားဘဲ မိမိရဲ့ နေရပ်ရင်း မဲဆန္ဒနယ်ကို ကြိုတင်မဲ အချိန်မီရောက်ရှိနိုင်ပါမယ်။

အုပ်စု(ခ)မှာပါတဲ့ မဲဆန္ဒနယ်အတွင်းရှိသူတွေ မဲရုံကိုမလာရောက်နိုင်လို့ ကြိုတင်မဲပေးခြင်းကတော့ သိပ်ပြီးမထူးခြားပါဘူး။ မိမိဟာ မဲရုံကိုမသွားနိုင်လောက်အောင် အခြေအနေရှိတဲ့သူမျိုးဖြစ်ရင် ရွေးကောက်ပွဲကျင်းပမယ့်နေ့မတိုင်မီ တစ်ရက်၊ နှစ်ရက်အလိုမှာ ကိုယ်တိုင်ဖြစ်စေ၊ မိဘဆွေမျိုးရင်းချာများမှတစ်ဆင့်ဖြစ်စေ၊ (အချုပ်ခံနေရခြင်း၊ ဆေးရုံတက်နေရခြင်း၊ ယာယီတာဝန်ထမ်းဆောင်ရခြင်းတို့ကြောင့် မဲရုံကို မလာရောက်နိုင်သူများဖြစ်လျှင် သက်ဆိုင်ရာဌာန တာဝန်ခံမှတစ်ဆင့်ဖြစ်စေ) ရပ်/ ကျေးကော်မရှင်အဖွဲ့ ခွဲနဲ့ဆက်သွယ်ပြီး ကြိုတင်မဲတောင်းခံနိုင်ပါတယ်။ ပုံစံ(၁၅)မလိုပါဘူး။ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲက အဲဒီမဲဆန္ဒရှင်ဟာ ပုဒ်မ ၄၅(ဂ)နဲ့ အကျုံးဝင်သူဖြစ်ရင် ကြိုတင်မဲကို စာအိတ်နဲ့တကွထုတ်ပေးပါလိမ့်မယ်။ အဲဒီအခါ မိမိနှစ်သက်သူကို လျှို့ဝှက်ဆန္ဒပြုပြီး စာအိတ်ထဲထည့် လုံအောင်ပိတ်လို့ ပြန်အပ်ရုံပါပဲ။ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲကလည်း အဲဒီစာအိတ်တွေကို မပျက်မစီးအောင်သိမ်းဆည်းထားပြီး ရွေးကောက်ပွဲနေ့မှာ မဲရုံမှူးထံကို စာရင်းနှင့်တကွ အပ်နှံရမှာပါ။ မဲရုံမှူးက ညနေ မဲရုံပိတ်ချိန်ကျမှ မဲရုံမှာပေးတဲ့ အခြားမဲတွေနဲ့အတူ ကြိုတင်မဲတွေကို အများပြည်သူရှေ့မှာ ဖွင့်ဖောက်ရေတွက်ပြီး ပုံစံ(၁၆)နဲ့ မှတ်တမ်းတင်မှာ ဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကြီးကြပ်ကျင်းပပေးသွားမည် ကြိုတင်မဲပေးမှုကိစ္စမှာ ဥပဒေအရခွင့်ပြုထားသူမှအပ ကျန်သူများကိုကြိုတင်မဲပေးခွင့်မပြုရန် ညွှန်ကြားထား

နေပြည်တော် မတ် ၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အဖွင့်အမှာစကားပြောကြားရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ အရ လစ်လပ်လျက်ရှိသော လွှတ်တော်မဲဆန္ဒနယ် (၄၈)နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲများကို ၂၀၁၂ ခုနှစ်၊ ဧပြီ ၁ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ် (၅၉)မြို့နယ်၌ တစ်ပြိုင်တည်း ကျင်းပသွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားလိုသဖြင့် ယခုကဲ့သို့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများအား ဖိတ်ကြားခဲ့ခြင်းဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ပြည်သူများ၏ လိုအင်ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို မိမိနိုင်ငံနှင့် လိုက်လျောညီထွေ ထူထောင်နိုင်ရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာ ၇ ရက်တွင် နိုင်ငံတစ်ဝန်းလုံး၌ အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ ယင်းရွေးကောက်ပွဲများ ကျင်းပပေးနိုင်ခဲ့သဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့်အတူ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပါကြောင်း။

မိမိတို့နိုင်ငံသည် မြန်မာ့ဒီမိုကရေစီခေတ်သစ်ကို ပြည်သူများအားလုံး တက်ညီလက်ညီလျှောက်လှမ်းနေပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်သည့်နေရာတွင် ဘက်မလိုက်ရန်၊ မှန်မှန်ကန်ကန်ဆောင်ရွက်ရန်၊ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိတိကျကျလိုက်နာရန်ဆိုသည့်အချက်များသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သာမက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများကပါ လေးစားလိုက်နာကျင့်သုံးရမည့် အချက်များပင် ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲကော်မရှင်၏တာဝန်မှာ လွှတ်တော်ကိုယ်စားလှယ်လောင်း ရွေးကောက်တင်မြှောက်ခံရရေးမဟုတ်ကြောင်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးကြပ်ကျင်းပပေးရေးပင် ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း ရွေးကောက်တင်မြှောက်ခံရရေးသည် သက်ဆိုင်ရာ နိုင်ငံရေးပါတီများနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်တို့၏ စည်းရုံးမှု၊ မဲဆွယ်စည်းရုံးမှု၏ အကျိုးဆက်ပင်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းကို အဓိကရွေးကောက်တင်မြှောက်ပေးမည့်သူမှာ မဲဆန္ဒရှင်အများပြည်သူပင် ဖြစ်ပါကြောင်း၊ ဤနေရာတွင်အလျဉ်းသင့်၍ ၂၀၁၂ခုနှစ်၊ ဧပြီ ၁ ရက်တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲနှင့် ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းအချို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို လာရောက်ပြီး မေးမြန်းခြင်း၊ တောင်းဆိုခြင်းအချို့ကို တက်ရောက်လာကြသော သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များအား အသိပေးလိုပါကြောင်း၊ ယင်းမှာ ကြိုတင်မဲပေးခြင်းနှင့် ပတ်သက်၍ ဘယ်လိုဆောင်ရွက်ထားလဲ၊ မဲစာရင်းဘယ်လို ပြုစုသလဲ၊ မဲဆွယ်စည်းရုံးခွင့်ကာလ ဘယ်လောက်ကြာခွင့်ပြုမလဲနှင့် လွတ်လပ်စွာ မဲဆွယ်စည်းရုံးခွင့်ပြုရန်၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံများ၌ နိုင်ငံတကာမှ စောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်ကြည့်ရှုခွင့်ပြုရန်တို့ပင် ဖြစ်ပါကြောင်း။

ထို့ကြောင့် ကော်မရှင်အနေဖြင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကို အောင်မြင်စွာကြီးကြပ်ကျင်းပပေးမည်ဖြစ်ကြောင်း၊ ကြိုတင်မဲနှင့် ပတ်သက်၍ ဥပဒေအရခွင့်ပြုထားသော ပုဂ္ဂိုလ်များကိုသာ ကြိုတင်မဲပေးခွင့်ပြုမည်ဖြစ်ပြီး ကျန်ပုဂ္ဂိုလ်များအားလုံး မဲရုံများ၌သာ မဲပေးရမည်ဖြစ်ကြောင်း၊ မဲစာရင်းများကို ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲက အသုံးပြုခဲ့သည့် မူလမဲစာရင်းကို အခြေခံပြီး ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်ကန်ပြည့်စုံသော မဲစာရင်းများ ပြုစုရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ မဲဆွယ်စည်းရုံးခွင့်ကာလကို လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းကြေညာသည့်နေ့ရက်မှ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ တစ်ရက်အထိ ခွင့်ပြုပေးထားပါကြောင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲရုံများတွင် စောင့်ကြည့်လေ့လာရေးကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနည်းတူ မြန်မာနိုင်ငံရှိ သံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေအကြီးအကဲများနှင့် ကိုယ်စားလှယ်များကို ဖိတ်ကြား၍ လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်တရားမျှတစွာကျင်းပပေးနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲများမှဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများကို နေပြည်တော်သို့ဖိတ်ခေါ်၍ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ပြဋ္ဌာန်းထားသော လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရေး၊ အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံ၌တာဝန်ရှိသူများ လုပ်ငန်းကျွမ်းကျွမ်းကျင်ကျင်ဆောင်ရွက်နိုင်ရေး၊ ဘက်မလိုက်ရေး ရှင်းလင်းမှာကြားပြီးဖြစ်ပါကြောင်း၊ အလားတူ ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီ(၁၇)ပါတီမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများကိုလည်း နေပြည်တော်သို့ ဖိတ်ခေါ်၍ ကော်မရှင်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်သကဲ့သို့ ပါတီအချင်းချင်းထိန်းကျောင်းပြီး လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဖြစ်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး မှာကြားခဲ့ပြီးလည်းဖြစ်ပါကြောင်း။

တိုက်တွန်းပြောကြား

ယခု ပြည်ထောင်စုဝန်ကြီးဌာနများကို ဖိတ်ကြား၍ ရွေးကောက်ပွဲနှင့် သက်ဆိုင်သော ကော်မရှင်၏ ဆောင်ရွက်ချက်အချို့ကို ရှင်းလင်းပြောကြားလိုပါကြောင်း၊ ယခင် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပခဲ့စဉ်က လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲစာရင်းတစ်မျက်နှာလျှင် ၂၀၀ကျပ်နှုန်းဖြင့် ကူးယူခွင့်ပြုခဲ့ရာမှ ယခုအခါ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကို သူနှင့်သက်ဆိုင်သော မဲဆန္ဒနယ်၏ မဲစာရင်းတစ်စုံကို အခမဲ့ကူးယူခွင့်ပြုထားပါကြောင်း၊ မဲစာရင်းပြုစုရာတွင်လည်း မဲစာရင်းများ မှန်မှန်ကန်ကန်ပြည့်ပြည့်စုံစုံ ပြုစုနိုင်ရေးအတွက် မြန်မာ့အသံ၊ ရုပ်မြင်သံကြား၊ နိုင်ငံပိုင်သတင်းစာ၊ ဂျာနယ်အစရှိသည်တို့မှ ပြည်သူသို့ အသိပညာပေးပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြိုတင်မဲပေးမှုကိစ္စမှာ ဥပဒေအရခွင့်ပြုထားသူမှအပ ကျန်သူများကို ကြိုတင်မဲပေးခွင့်မပြုရန် ညွှန်ကြားထားပါကြောင်း၊ ကိုယ်စားလှယ်များ လက်ဝယ်တွင် မဲစာရင်းရှိနေပြီဖြစ်၍ ဥပဒေနှင့်အညီ စစ်ဆေးကြမည်လည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မရှင်နှင့် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြရေး ပြောကြားလိုပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် လွှတ်တော်ရွေးကောက်ပွဲများတွင် လူထုမှ ရွေးကောက်တင်မြှောက်သော လွှတ်တော်ကိုယ်စားလှယ်ကို သက်ဆိုင်ရာ လွှတ်တော်သို့ရောက်ရှိသွားနိုင်ရေးအတွက် ဘက်မလိုက်ဘဲ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ မိမိတို့ဂုဏ်သိက္ခာနှင့်အညီ ၂၀၁၂ ခုနှစ်၊ ဧပြီ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကြီးကြပ်ကျင်းပပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးအနေဖြင့်လည်း မိမိတို့ဝန်ကြီးဌာန၏ ဂုဏ်သိက္ခာနှင့်အညီ ဘက်မလိုက်ဘဲမျှမျှတတ ပါဝင်ပူးပေါင်းကြီးကြပ်ဆောင်ရွက်ပေးကြစေလိုပါကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးဝင်းကိုက တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေးအတွက် လိုအပ်သလိုအရေးယူ ဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲပြစ်မှုများ၊ တရားမဲ့ပြုကျင့်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနများအလိုက်၊ အဖွဲ့အစည်းများအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆောင်ရွက်မည့်အစီအစဉ်များကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်အောင် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအားလုံးက မှန်မှန်ကန်ကန် တိတိကျကျဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လေးစားလိုက်နာ၍ တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီး ဉာဏ်ထွန်းနှင့်အဖွဲ့ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းနှင့်အဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၈

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်ဦးစီးချုပ် Admiral Wu Shengll ၏ ဖိတ်ကြားချက်အရ မတ် ၈ ရက်မှ ၁၄ ရက်အထိ ချစ်ကြည်ရေးခရီး လည်ပတ်ရန် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့သို့ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Sr.Colonel Xiong Shaowel နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါခရီးစဉ်တွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ဇာနည်ဝင်း၊ ဗိုလ်မှူးချုပ်မောင်ဦးလွင်၊ ဗိုလ်မှူးချုပ်မြင့်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှ အပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် သိမ်ဖြူမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၂၀ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရေစကြို၌ ဆိုင်ကယ်ချိုင့်ထဲကျ၊ တစ်ဦးသေဆုံး

ရေစကြို မတ် ၈

ရေစကြိုမြို့နယ် အမှတ် (၆)ရပ်ကွက် တာပတ်လမ်းတွင် လမ်းဘေးချိုင့်အတွင်း ဆိုင်ကယ်နှင့် လူတစ်ဦးပြုတ်ကျသေဆုံးမှု ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

ဖြစ်ပွားပုံမှာ မတ် ၇ ရက် ည ၉ နာရီခန့်က ရေစကြိုမြို့ အမှတ်(၈)သုခဝတီရပ် နေဦးကျောက်ခဲ၏သား ဟိန်းဇော် အသက်(၁၈)နှစ်မောင်းနှင်၍နောက်မှ ညီဖြစ်သူ စိုးမော် အသက်(၁၂)နှစ်လိုက်ပါလာသော မက/---125 ဆိုင်ကယ်သည်တာပတ်လမ်းအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာစဉ် ရေထိန်းတံခါးဆောက်လုပ်ရန် တူးဖော်ထားသောနေရာအရောက်တွင် ညီဖြစ်သူ စိုးမော်မှာ တာပေါင်ပေါ်ပြုတ်ကျကျန်ခဲ့ပြီး ဟိန်းဇော်မှာ ဆိုင်ကယ်အရှိန်မထိန်းနိုင်ဘဲ (၁၀) ပေခန့်ရှိသော ချိုင့်ထဲသို့ ပြုတ်ကျသွားကာ ဦးခေါင်းဒဏ်ရာရ၍ နေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။ **(မအိမွန်ဆွေ-ရေစကြို)**

ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့

ပဏာမသဘောတူညီချက်လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရသို့ ကမ်းလှမ်းလာသော ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)သည် ကယားပြည်နယ်အစိုးရ အဖွဲ့နှင့် ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေး ပဏာမသဘောတူညီချက် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ရန် အတွက် ကယားပြည်နယ် လွိုင်ကော်မြို့သို့ မတ် ၆ရက်တွင် ရောက်ရှိလာရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက လွိုင်ကော် လေဆိပ်၌ စည်ကားသိုက်မြိုက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ အတွင်းရေးမှူး(၁) ခူဦးရယ် ဦးဆောင်သည့်အဖွဲ့တို့နှင့် အကြိုညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ကြသည်။

ယင်းနောက် ညပိုင်းတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကယားပြည်နယ်အစိုးရအဖွဲ့က ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့အား ထာဝရငြိမ်းချမ်းရေးအတွက် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ညစာစားပွဲတွင် ကယားတိုင်းရင်းသားမျိုးနွယ်စုများမှ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ အတွင်းရေးမှူး (၁) ခူဦးရယ်နှင့် ကရင်နီပြည်တပ်မတော်မှ ဗိုလ်ချုပ်ဘီထူးတို့သည် ကယားတိုင်းရင်းသားမျိုးနွယ်စု ရိုးရာယဉ်ကျေးမှုအဖွဲ့အား အမှတ်တရ ပန်းခြင်းလက်ဆောင်များပေးအပ်ကြသည်။

မတ် ၇ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပဏာမသဘောတူ လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးဉာဏ်ထွန်းအောင်၊ ဦးသန်းဌေး၊ ဦးခင်ရီ၊ ဦးခင်မောင်စိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး တင်စိုး၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လွိုင်ကော်) စစ်ဦးစီးမှူး(ပထမတန်း)၊ ကယားပြည်နယ် ဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ အတွင်းရေးမှူး(၁) ခူဦးရယ် ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် နှစ်ဖက်ငြိမ်းချမ်းရေး အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းပေးထားသော ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးတင်စိုး ဦးစီးသည့် အဖွဲ့ဝင်ငါးဦးနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ပါတီဗဟိုကော်မတီဝင် ကရင်နီပြည်တပ်မတော်စစ်ရေးချုပ် ဗိုလ်မှူးကြီးဘုန်းနိုင်ဦးဆောင်သည့် အဖွဲ့ဝင်လေးဦးတို့သည် အောက်ဖော်ပြပါ ပဏာမသဘောတူညီချက်(၃)ချက်အပြင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) မှ တင်ပြဆွေးနွေးလိုသည့် အချက်(၂၀)ပါ စာတမ်းအား နိုင်ငံတော်အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန်နှင့်လာမည့် ပြည်ထောင်စုအဆင့် အစည်းအဝေးတွင် ဆွေးနွေးသွားရန် နှစ်ဖက်ခေါင်းဆောင်များရှေ့မှောက်တွင် ပဏာမသဘောတူညီချက်ကို လက်မှတ်ထိုးကြသည်။ ပဏာမသဘောတူညီချက် (၃)ချက်မှာ-

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ အတွင်းရေးမှူး(၁) ခူဦးရယ် ဦးဆောင်သည့်အဖွဲ့ဝင်များ ပဏာမသဘောတူညီချက်လက်မှတ်ရေးထိုးပွဲအပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

(က) နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှု ရပ်ဆိုင်းရန်ကိစ္စ၊
(ခ) ဆက်ဆံရေးစခန်းကို နှစ်ဖက်သဘောတူသည့် သင့်တော်ရာနေရာ၌ (လက်နက်မပါ) ထားရှိရန်ကိစ္စ၊
(ဂ) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ဆွေးနွေးရန်အတွက် ကိုယ်စားလှယ်အဖွဲ့ တရားဝင်ဖွဲ့စည်းပေးရန်နှင့် ဆွေးနွေးမည့်နေ့ရက်၊ အချိန်နှင့်နေရာတို့ကို ညှိနှိုင်းရန်ကိစ္စ။

ထို့နောက် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဗိုလ်မှူးကြီး တင်စိုးနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဗိုလ်မှူးကြီးဘုန်းနိုင်တို့သည် ပဏာမသဘောတူညီချက်ကို အပြန်အလှန်လဲလှယ်ကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ညပိုင်းတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကယားပြည်နယ်အစိုးရအဖွဲ့က ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့အား ထာဝရငြိမ်းချမ်းရေးအတွက် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး နိုင်ငံတော်သမ္မတမှ ထာဝရငြိမ်းချမ်းရေးလက်ဆောင်အဖြစ် ပေးအပ်သော SKY NET (၁၅)စုံကို ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အတွင်းရေးမှူး(၁) ခူဦးရယ်ထံသို့ လည်းကောင်း၊ အမှတ်တရ လက်ဆောင်များကို ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ကရင်နီပြည်တပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဘီထူးထံသို့နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ကရင်နီပြည်တပ်မတော်မှ စစ်ရေးချုပ် ဗိုလ်မှူးကြီးဘုန်းနိုင်ထံသို့လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများမှ ကယားပြည်နယ် ယဉ်ကျေးမှုအဖွဲ့အတွက် ပေးအပ်ချီးမြှင့်သည့် ငွေကျပ်သိန်း ၃၀ နှင့် ပန်းခြင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လည်းကောင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အတွင်းရေးမှူး(၁) ခူဦးရယ်နှင့် ကရင်နီပြည်တပ်မတော်မှ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဘီထူးတို့က ကယားပြည်နယ် ယဉ်ကျေးမှုအဖွဲ့သို့ ပန်းခြင်းလက်ဆောင်များကိုလည်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအရောင်အသွေးစုံလင်စွာ ခင်းကျင်းပြသရောင်းချပေးမည့် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီး

သတင်းဆောင်းပါး-ညီညီထွန်း ဓာတ်ပုံ-မျိုးမောင်မောင်

နေပြည်တော် မတ် ၈

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမကြီးတွင် မကြာမီကျင်းပပေတော့မည်။ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများပြသရောင်းချပေးမည့် လုပ်ငန်းရှင်များနှင့် ရတနာကုန်သည်များ၊ လာရောက်ဝယ်ယူကြမည့် ပြည်တွင်း ပြည်ပရတနာကုန်သည်များလည်း တဖွဲဖွဲရောက်ရှိနေကြပေပြီ။ ရောင်းသူကရောင်း၍၊ ဝယ်သူက ဝယ်ကြရန် ပြင်ဆင်နေကြပေပြီ။

ပြပွဲကျင်းပမည့် မဏိရတနာကျောက်စိမ်းခန်းမဝင်းအတွင်း၌ မြန်မာ့ကျောက်စိမ်းများကို အစီအရီခင်းကျင်းပြသထားသည်။ ထိုသို့ခင်းကျင်းပြသနိုင်ရန်အတွက် ဇန်နဝါရီလခန့်ကပင် မီးရထားနှင့်တစ်တန်၊ မော်တော်ကားဖြင့်တစ်ဖုံ ကျောက်စိမ်းအရိုင်းများကို လုံးခင်း-ဖားကန့်ဒေသမှ သယ်ယူခဲ့ကြပါကြောင်း၊ ဖေဖော်ဝါရီလအတွင်း မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိလာသော ကျောက်စိမ်းများကို ရေတွက်ချိန်တွယ်စစ်ဆေးခြင်း၊ အခြေခံဈေးသတ်မှတ်ခြင်း၊ လက်ခံခင်းကျင်းခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့နောက် ကျောက်စိမ်းတွဲများ၏ ဈေးနှုန်းကတ်တလောက် ထွက်ရှိရေးကို ဖေဖော်ဝါရီလ ၂၆ ရက်မှ မတ်လ ၃ ရက်နေ့အတွင်း အပြီးဆောင်ရွက်ခဲ့ရပါကြောင်းဖြင့် ကျောက်စိမ်းလုပ်ငန်းကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြသရောင်းချပေးမည့် အရေအတွက်မှာ ကျောက်စိမ်းအရိုင်း ၁၆၄၉၂တွဲ၊ လက်ကောက်၊ ပုတီး၊ လုံးချော၊ လွှာချပ်စသည့် ကျောက်စိမ်းအချောထည် ၆၂ တွဲ၊ အင်ကြင်းကျောက်ခြောက်တွဲ၊ ကျောက်စိမ်းမဟုတ်သော (Albite)၊ (Quartzite) စသည့် အခြားတွင်းထွက်များ ၁၃၇ တွဲ စုစုပေါင်း ၁၆၆၉၇ တွဲဖြစ်သည်။ တင်ဒါစနစ်ဖြင့် ၁၆၄၅၂ တွဲနှင့် ဈေးပြိုင်စနစ်ဖြင့် ၂၄၅ တွဲ ရောင်းချပေးမည်ဖြစ်ရာ မြန်မာနိုင်ငံ၏ သဘာဝရတနာကြွယ်ဝမှုကို မှတ်တမ်းပြုသကဲ့သို့ပင်။

မဏိရတနာကျောက်စိမ်းခန်းမဝင်းအတွင်းတွင်သာမက ကျောက်စိမ်းခန်းမကြီးအတွင်း မြေညီထပ်ရှိ ကျောက်စိမ်းအတွဲများ ရောင်းချပေးမည့် အရောင်းခန်းမကြီး၏ ဘေးပတ်ပတ်လည်တွင် လက်ဝတ်ရတနာအရောင်းဆိုင်များ ခင်းကျင်းရောင်းချပေးရန် စီစဉ်ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ ပထမထပ်၌လည်း ကျောက်မျက်ရတနာများကို စနစ်တကျခင်းကျင်းလျက်ရှိပေသည်။

ကျောက်မျက်များ ခင်းကျင်းရေးလုပ်ငန်းဆောင်ရွက်နေသည့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်ဌာနခွဲမှ လက်ထောက်မန်နေဂျာဖြစ်သူ ဒေါ်ခင်တင့်က "ဒီပြပွဲမှာ မိုးကုတ်ဒေသကထွက်တဲ့ ပတ္တမြား၊ နီလာ၊ မိုးကုတ်ရောင်စုံကျောက်တွေအပြင် မိုင်းရှူးဒေသက ထွက်ရှိတဲ့ ပတ္တမြားအရိုင်းတွေကို ခင်းကျင်းပြသရောင်းချမှာဖြစ်ပြီး လက်ဝတ်ရတနာအချောထည်တွေအနေနဲ့ ပတ္တမြားနဲ့နီလာ လက်ဝတ်ရတနာအချောထည်များကို ရောင်းချပေးမှာ ဖြစ်ပါတယ်" ဟု ပြောခဲ့သလို ဆက်လက်ရှင်းလင်းပြောကြားချက်များအရ ပြသရောင်းချပေးမည့် ကျောက်မျက်ရတနာအတွဲများမှာ နိုင်ငံတော်နှင့် အကျိုးတူလုပ်ကိုင်နေသည့် မိုးကုတ်နှင့် မိုင်းရှူး အကျိုးတူကုမ္ပဏီ ၁၆ ခုမှ ကျောက်မျက်အတွဲ ၂၂ တွဲ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ၂၀၅ တွဲ၊ ကျောက်မျက်အတွဲ စုစုပေါင်း ၂၂၇တွဲ ကို တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချပေးမည်ဖြစ်ကြောင်း သိရပြန်သည်။

ကျောက်မျက်ရတနာများကို ယခင်က မြန်မာ့ကျောက်မျက်ရတနာပြတိုက်တွင် ခင်းကျင်းပြသရောင်းချခဲ့ပြီး ယခုကျင်းပမည့် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင်မူ ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် မဏိရတနာကျောက်စိမ်းခန်းမကြီးတွင် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ရာ ယင်းသို့ ခင်းကျင်းပြသရောင်းချပေးသည့်အတွက် ကျောက်မျက်ကုန်သည်များအပြင် ကျောက်စိမ်းကုန်သည်များလည်း အချိန်ကုန်သက်သာစွာဖြင့် တစ်နေရာတည်းတွင်ပင် ကြည့်ရှုဝယ်ယူနိုင်မည် ဖြစ်ပေသည်။ ကျောက်မျက်အတွဲများကို ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ရတနာကုန်သည်နှင့် ပြည်တွင်းရတနာကုန်သည်များက အဝယ်များကြပြီး မိုင်းရှူးပတ္တမြားကိုမူ ထိုင်းနိုင်ငံမှ ရတနာကုန်သည်အများစုက လာရောက်ဝယ်ယူလေ့ရှိကြသည်။ တရုတ်နိုင်ငံမှ ရတနာကုန်သည်အများစုမှာ ယခင်က ကျောက်စိမ်းကိုသာ အဓိကထားဝယ်ယူခဲ့ကြရာမှ ယခုအခါ ကျောက်မျက်ရတနာများကိုလည်း တစ်စထက်တစ်စ ပိုမိုဝယ်ယူလာကြပြီဖြစ်သည်။

ကျောက်စိမ်း၊ ကျောက်မျက်များနည်းတူ မြန်မာ့ပင်လယ်ပြင်ထွက် တော်ဝင်ရတနာဖြစ်သည့် ပုလဲအတွဲများကိုလည်း ခင်းကျင်းပြသရောင်းချပေးမည်ဖြစ်သည်။ ခင်းကျင်းထားသည့် ပုလဲများအနက် အချို့မှာ ဆွတ်ဆွတ်ဖြူသော ဝါဂွမ်းရောင်ဖြစ်ပြီး အချို့မှာ ရွှေရောင်တောက်ပ စိမ်းမြလျက်ရှိသည်။ ထိုပုလဲအတွဲများကို မတ် ၈ ရက်တွင် ကြည့်ရှုလေ့လာခွင့်ပေးသွားမည်ဖြစ်ပြီး မတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် တင်ဒါစနစ်နှင့်ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေးမည်ဖြစ်ရာ မကြာမီကာလတွင် မြန်မာ့ပုလဲတို့ ကမ္ဘာအနှံ့ ခရီးဆန့်ပေဦးတော့မည်။

တင်ဒါစနစ်ဖြင့် ပြသရောင်းချပေးမည့် ပုလဲအတွဲများမှာ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ အတွဲ ၁၉၀၊ အရှေ့တိုင်းပုလဲကုမ္ပဏီမှ ၂၅ တွဲ၊ နီနိုကုမ္ပဏီမှ ခုနစ်တွဲ၊ အတ္တလန္တစ်ကုမ္ပဏီမှ ၁၉ တွဲ၊ အန်ဒါမန်ကုမ္ပဏီမှ အတွဲ ၉၀ စုစုပေါင်း ၃၃၁ တွဲဖြစ်ပြီး အလုံးရေလေးသောင်းကျော်၊ အလေးချိန်မိုမီ နှစ်သောင်းနှစ်ထောင်ကျော်ဖြစ်သည်။ အလားတူ ဈေးပြိုင်စနစ်ဖြင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ၂၀ တွဲ၊ အရှေ့တိုင်းပုလဲကုမ္ပဏီမှ သုံးတွဲ၊ နီနိုကုမ္ပဏီမှ နှစ်တွဲ၊ အန်ဒါမန်ကုမ္ပဏီမှ ၁၀ တွဲ စုစုပေါင်း ၃၆ တွဲ ပုလဲလုံးရေ လေးထောင်ကျော်၊ အလေးချိန် မိုမီနှစ်ထောင့်ရှစ်ရာကျော်ရာ ထိုနှစ်ရက် စုစုပေါင်း ရောင်းချပေးမည့် အရေအတွက်မှာ ပုလဲအတွဲပေါင်း ၃၆၇ တွဲ၊ လုံးရေ လေးသောင်း လေးထောင်ကျော်၊ အလေးချိန်မိုမီ နှစ်သောင်းငါးထောင်ကျော် ဖြစ်သည်။ ပုလဲရောင်းချပွဲသို့ ဂျပန်၊ ဟောင်ကောင်၊ အိန္ဒိယ၊ စင်ကာပူနှင့်ကိုရီးယားသမ္မတနိုင်ငံတို့မှ ရတနာကုန်သည် ၄၀နှင့် ပြည်တွင်းကုန်သည် ၃၉ ဦး စုစုပေါင်း ၇၉ ဦးကို ဖိတ်ကြားထားရာ မကြာမီ ကာလတွင် နေပြည်တော်ပတ်ဝန်းကျင်၌ ဧည့်ကောင်းတို့ဖြင့် စည်ကားနေပေဦးတော့မည်။

"တင်ပြရောင်းချမည့်ပုလဲတွေက မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရဲ့ ဌာနပိုင်ပုလဲမွေးစခန်းများနှင့် နိုင်ငံတော်နဲ့ အကျိုးတူလုပ်ကိုင်လျက်ရှိတဲ့ ပြည်တွင်း၊ ပြည်ပပုလဲမွေးကုမ္ပဏီတွေက ပုလဲများဖြစ်ပါတယ်။ မြန်မာ့ပုလဲဟာ တောင်ပင်လယ်ပုလဲအမျိုးအစားဖြစ်ပြီး တောင်ပင်လယ်ပုလဲထုတ်လုပ်တဲ့ နိုင်ငံတွေထဲမှာ မြန်မာ့ပုလဲတွေဟာ အရည်အသွေးကောင်းမွန်တဲ့အတွက် ကမ္ဘာမှာ မြန်မာ့ပုလဲလို့ လူသိများကျော်ကြားနေပါတယ်"ဟု မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ကြီးကြပ်ရေးမှူး ဒေါ်ညွန့်ညွန့်သန်း၏ ရှင်းပြမှုအပြီးတွင် မြန်မာ့ပုလဲ၏ အဖိုးထိုက်တန်မှုကို မှတ်မှတ်သားသား သိရှိရတော့သည်။

မြန်မာ့ရွှေရောင်ပုလဲများ။

မုတ်ကောင်မှ ပုလဲထုတ်လုပ်နေစဉ်။

မြန်မာ့ပုလဲမှာ အဖြူရောင်ခေါ် ငွေရောင်နှင့် ရွှေရောင်နှစ်မျိုးထွက်ရှိပြီး ယခုပြပွဲတွင်နှစ်မျိုးစလုံးတင်ပြရောင်းချရန်စီစဉ်ထားရာ ယခုခေတ်တွင် လူကြိုက်ပိုများ ရေပန်းစားလာသည့် ရွှေရောင်ပုလဲကို အရေအတွက်များများ ဦးစားပေးတင်ပြရောင်းချမည်ဖြစ်သည်။ ဈေးနှုန်းများမှာ လက်ရှိကမ္ဘာ့ပုလဲဈေးကွက်၏ ပေါက်ဈေးနှင့်နှိုင်းယှဉ်ပြီး အခြေခံကြမ်းခင်းဈေး သတ်မှတ်ထားခြင်းကြောင့် လာရောက်ဝယ်ယူကြမည့် ပြည်တွင်း၊ ပြည်ပပုလဲရတနာကုန်သည်များ အကြိုက်ဖြစ်မည်မှာ မလွဲဧကန်ဖြစ်သကဲ့သို့ ပန်းရောင်သန်းသော ပုလဲတို့ကလည်း ဝယ်ယူသူတို့၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်ဦးတော့မည်။

ပုလဲကို မြန်မာနိုင်ငံတောင်ပိုင်းရှိ တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဧရိယာ ပင်လယ်ရေပြင် ဧရိယာများတွင် မွေးမြူထုတ်လုပ်နိုင်ပြီး အထူးသဖြင့် မလိကျွန်းမှ တောင်ဘက်ကော့သောင်းအနီး ဇာဒတ်ကြီး ဧရိယာတစ်ဝိုက်အထိဒေသမှာ ပုလဲမွေးမြူနိုင်သော ရေပြင်ဧရိယာများဖြစ်ကြောင်းသိရသည်။ ပုလဲတွင် ရေချိုပုလဲနှင့် ရေငန်ပုလဲဟူ၍ နှစ်မျိုးရှိပြီး မြန်မာနိုင်ငံက ထုတ်လုပ်သည့် တောင်ပင်လယ်ပုလဲမှာ ရေငန်ပုလဲအမျိုးအစားဖြစ်ရာ ပင်လယ်ရေပြင်တွင် မွေးမြူရသည်။ ရေချိုပုလဲများကိုမူ အင်းအိုင်၊ ချောင်း၊ မြောင်းစသည့် ရေချိုရှိသည့်နေရာတွင် မွေးမြူရပြီး တန်ဖိုးနည်းသဖြင့် မြန်မာနိုင်ငံတွင် ရေချိုပုလဲမွေးမြူခြင်းမရှိဘဲ ရေငန်ပုလဲကိုသာ မွေးမြူကြောင်း သိရသည်။

ပြသရောင်းချပေးမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများကို လှည့်လည်ကြည့်ရှုရင်း မြန်မာနိုင်ငံ၏ သဘာဝရတနာများပေါကြွယ်ဝမှုကို တွေးဆကြည့်မိသည်။ မြန်မာ့မြေပြင်မှ ကမ္ဘာတွင် ရှားပါးသည့်ကျောက်စိမ်း၊ ပတ္တမြားနှင့်နီလာတို့ထွက်ရှိသည်။ မြန်မာ့ရေပြင်မှလည်း လူကြိုက်များသည့် ငွေရောင်နှင့် ရွှေရောင် တောင်ပင်လယ်ပုလဲများ ထုတ်လုပ်ရရှိသည်။ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများမှာ အရောင်အသွေးစုံလင်လှသကဲ့သို့ အရည်အသွေးမှာလည်း ကောင်းမွန်လှသည်။ ခြုံ၍ဆိုရလျှင် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးကား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏ ဖွံ့ဖြိုးတိုးတက်မှုများကို တန်ဆာဆင်ပေးမည့် ရောင်စုံရတနာဥယျာဉ်ကြီးသာ ဖြစ်ပေတော့သည်။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပ

မေးခွန်း(၈)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခုဆွေးနွေးခြင်း၊ အဆိုအသစ်(၃)ခု တင်သွင်းဆွေးနွေးခြင်းတို့ဆောင်ရွက်

နေပြည်တော် မတ် ၈

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၃၆)ဦးတို့တက်ရောက်ကြပြီး အစည်းအဝေး၌ မေးခွန်း (၈)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခုဆွေးနွေးခြင်း၊ အဆိုအသစ်(၃)ခုတင်သွင်းဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများတွင် ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ပြဋ္ဌာန်းရန်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်၊ အတွေ့အကြုံရှိသည့် ပြည်သူလူထုထံမှ အကြံဉာဏ်ပေးစာများအား ပေးပို့လိုပါက ပြည်သူ့လွှတ်တော်ဌာနလွှတ်တော်ရုံး နေပြည်တော်နှင့် ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ရုံးအမှတ်(၆၆)၊ အခန်း(ဘီ)(၂၀၉၊ ၂၁၀)၊ ယုဇနတာဝါ(ဒုတိယထပ်)၊ ရွှေဂုံတိုင်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တို့သို့ ပေးပို့နိုင်ကြောင်း သိရသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၏ **ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တရားရုံးများ၏ တရားစီရင်ဆုံးဖြတ်ချက်ဒီကရီများသည် အဘယ်ကြောင့် အာဏာသက်ရောက်မှုမရှိသည်၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် ရိုးသားသော ပြည်သူများနှင့် ပင်စင်စားဝန်ထမ်းဟောင်းကြီးများဘက်မှရပ်တည်၍ စုငွေများ မှန်မှန်ကန်ကန်ပြန်လည်ရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ၂၀၀၂-၂၀၀၃ ခုနှစ်ခန့်က ငွေစုသူများ၏ အပ်ငွေနှင့်အတိုးများကို ပြန်လည်ထုတ်ပေးခြင်းမပြုသည့် ကုမ္ပဏီများအပေါ် ငွေစုသူများက တရားရုံးအသီးသီးတွင် ပြစ်မှုကြောင်း၊ တရားမကြောင်းများအရ တရားစွဲဆိုမှုများရှိခဲ့ပါကြောင်း၊ ပြစ်မှုကြောင်းအရ စွဲဆိုသည့် အမှုများတွင် တရားခံများအပေါ် ပြစ်မှုထင်ရှားတွေ့ရှိသည့်အတိုင်း တရားရုံးများက ထိုက်သင့်သည့်ပြစ်ဒဏ်များ ချမှတ်ခဲ့ပါကြောင်း၊ တရားမကြောင်းအရ စွဲဆိုသည့် အမှုများတွင်လည်း ငွေစုသူများအား အနိုင်ဒီကရီများ ချမှတ်ပေးခဲ့ပါကြောင်း။

ငွေစုသူများက ၎င်းတို့ရရှိသည့် အနိုင်ဒီကရီအတိုင်း အတည်ပြုပေးရန် ကုမ္ပဏီများအပေါ် ဇာရီမှုများဖွင့်လှစ်၍ ဒီကရီကျငွေများတောင်းခံကြပါကြောင်း၊ ဇာရီမှုများဖွင့်လှစ်ရာတွင် ကုမ္ပဏီများပိုင်ဆိုင်သည့် ပစ္စည်းများကို စုံစမ်းဖော်ပြပြီး ယင်းပစ္စည်းများကို ဝရမ်းကပ်ရောင်းချ၍ ရောင်းရငွေကိုပေးစေရန် တရားနိုင်များ လျှောက်ထားသည့်အတိုင်း တရားရုံးများက ဆောင်ရွက်ပေးခဲ့သဖြင့် ပစ္စည်းတင်ပြနိုင်သည့် ငွေစုသူများသည် ဒီကရီကျငွေများကို ပြန်လည်ရရှိခဲ့ကြပါကြောင်း။

သို့ရာတွင် တရားရှုံးကုမ္ပဏီများပိုင်ဆိုင်သည့်ပစ္စည်းများကို မတင်ပြနိုင်သည့် တရားနိုင်များမှာမူ ၎င်းတို့အနိုင်ရရှိထားသည့် တရားရုံးဒီကရီကျငွေများကို ခံစားခွင့်မရရှိကြပါကြောင်း၊ ထိုကဲ့သို့တရားရုံး၏ ဆုံးဖြတ်ချက်ဒီကရီအတိုင်း အကျိုးခံစားခွင့်မရရှိကြခြင်းမှာ တရားရှုံးကုမ္ပဏီများတွင် ပိုင်ဆိုင်သောပစ္စည်း တစ်စုံတစ်ရာမရှိခြင်း၊ တရားနိုင်သူတို့က ကုမ္ပဏီပိုင်ပစ္စည်းများကို ဖော်ထုတ်မတင်ပြနိုင်ခြင်းကြောင့်သာ ဖြစ်ပါကြောင်း၊ တရားရုံး၏ ဒီကရီများကို အတည်ပြုမလုပ်နိုင်သည့်ကိစ္စတွင်တရားရုံး၌ တာဝန်မရှိပါကြောင်း၊ ထို့ကြောင့် တရားရုံး၏ ဆုံးဖြတ်ချက်ဒီကရီများသည် ကုမ္ပဏီများအပေါ် အာဏာသက်ရောက်မှုရှိသည်မှာ ထင်ရှားပေါ်လွင်ပါကြောင်း။

ငွေစုသူများအနေဖြင့် ကုမ္ပဏီသို့ငွေသွင်းစဉ်က နိုင်ငံတော်သို့တရားဝင်အခွန်ငွေပေးသွင်းခြင်း၊ မှတ်ပုံတင်ခြင်း၊ အကျိုးအမြတ်ရရှိစဉ်ကလည်း ဝင်ငွေခွန်ပေးသွင်းခြင်းတို့ကို မပြုလုပ်ခဲ့ကြပါကြောင်း၊ တရားမဝင် ငွေတိုးပေးသူနှင့် တရားမဝင်ငွေလက်ခံသူ ကုမ္ပဏီတို့ မကျေမလည်ဖြစ်ချိန်တွင် နိုင်ငံတော်တရားရုံးများက တရားဥပဒေနှင့်အညီ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ တရားနိုင်များအနေဖြင့် မိမိတို့ငွေပေးသွင်းခဲ့သည့် ကုမ္ပဏီများထံမှ ရရန်ရှိသည့်ငွေရင်းနှင့်အမြတ်များ ပြန်လည်တောင်းခံရာတွင် ငွေများပြန်မပေးဆပ်နိုင်သည့် ကုမ္ပဏီများပိုင်ဆိုင်သည့် အဆောက်အအုံ၊ မြေ၊ ပစ္စည်းများကို ဇာရီမှုစွဲဆိုပါက တရားရုံးများက ဝရမ်းကပ်၍ ထုခွဲရောင်းချပြီး ရရှိငွေကို တရားနိုင်များသို့ မျှတစွာခွဲဝေပေးခြင်းဖြင့် ကုစားပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဝရမ်းကပ်ရန် ပစ္စည်း၊ အဆောက်အအုံ၊ မြေမရှိသောကုမ္ပဏီများနှင့်ပတ်သက်၍ အမှုစီရင်ပြီး(၁၂)နှစ်ကြာ ကာလအတွင်း ၎င်းကုမ္ပဏီတွင် ဝရမ်းကပ်နိုင်လောက်သော အဆောက်အအုံ၊ မြေ၊ ပစ္စည်းနှင့်ငွေများရှိလာပါက တရားနိုင်များက သက်သေအထောက်အထား ခိုင်လုံစွာဖြင့် တရားရုံးသို့ ပြန်လည်လျှောက်ထားတင်ပြလာပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပြီး မျက်နှာကြီးငယ်မဟူ ထောက်ထားငဲ့ညှာမှု၊ အားနာမှု၊ မျက်နှာလိုက်မှု၊ ဘက်လိုက်မှုမရှိဘဲ အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **ယခုတရားစီရင်ရေးလုပ်ငန်းများတွင် ဂျူရီ (Jury) လူကြီးများ ခန့်အပ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးစိုးညွန့်က ၁၉၄၆ ခုနှစ်မှစ၍ ယနေ့အချိန်ထိပြစ်မှုကြီးများကို ကြားနာရာတွင် ဂျူရီလူကြီးများ ခန့်အပ်တာဝန်ပေးပြီး စစ်ဆေးစီရင်မှုမရှိခဲ့သော်လည်း အရည်အသွေးနှင့် ပြည့်စုံစေရန် အကြိမ်ကြိမ် လေ့ကျင့်သင်တန်းပေးထားပြီး လုပ်သက်အလျောက် အတွေ့အကြုံနှင့် ဥပဒေဗဟုသုတများ ရင့်ကျက်သည့် တရားသူကြီးများဖြင့် စစ်ဆေးစီရင်စေသည့် လက်ရှိကျင့်သုံးလျက်ရှိသော တရားစီရင်ရေးစနစ်သည် ထိရောက်ပြီး အကျိုးရှိသည့်စနစ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတရားစီရင်ရေး သမိုင်းကြောင်းအရတွေ့ရှိရသဖြင့် လက်ရှိအခြေအနေတွင် ဂျူရီစနစ်ဖြင့် စစ်ဆေးစီရင်ရန် လိုအပ်မည်မဟုတ်ဟုယူဆပါကြောင်း၊ သို့ဖြစ်၍ တရားစီရင်ရေးလုပ်ငန်းများတွင် ဂျူရီလူကြီးများ ခန့်အပ်ဆောင်ရွက်ရန် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ အခွန်လုပ်ငန်းဆိုင်ရာ မေးခွန်း(၂)ခုနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြန်လည်ဖြေကြားသည်။

အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်၏ **အခွန်ကောက်ခံမှုနှင့်ပတ်သက်၍ ရုပ်ရှင်ရိုက်ကူး၊ ထုတ်လုပ်၊ ကူးယူ၊ ဖြန့်ချိ၊ ပြသရေးကဏ္ဍအသီးသီးတို့မှ ရုံတင်ပြသရေးကဏ္ဍ၌ ကောက်ခံလျက်ရှိသော ပြသခွန် သို့မဟုတ် ရုံတင်ခွန်၊ ဇာတ်၊ အငြိမ့်ရုံပွဲပြသရာတွင် ကောက်ခံလျက်ရှိသော ပွဲခွန်၊ ရုပ်ရှင်၊ ဗီဒီယို၊ ဇာတ်သဘင်လောကသားများထံမှ ကောက်ခံလျက်ရှိသောဝင်ငွေခွန်များကို နှစ်အကန့်အသတ်ဖြင့် ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော့ပေါ့ခြင်းကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉တွင် "နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံသားများထံမှ ဥပဒေနှင့်အညီ ကောက်ခံရရှိသည့် အခွန်အကောက်ရငွေဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးလုပ်ငန်းများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများတွင် ကျခံသုံးစွဲရပါကြောင်း၊ နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် နိုင်ငံပိုင်၊ သမဝါယမနှင့်ပုဂ္ဂလိက ကဏ္ဍသုံးရပ်စလုံးမှ တစ်ဦးချင်းပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းအားလုံးတို့သည် ဥပဒေအရ ကင်းလွတ်ခွင့်ပြုထားခြင်းမှအပ အခွန်စည်းကြပ်ထိုက်သည့် ဝင်ငွေ၊ ရောင်းရငွေ၊ ရငွေရရှိပါက သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အခွန်ပေးဆောင်ရန်တာဝန်ရှိပါကြောင်း။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ဖျော်ဖြေမှုလုပ်ငန်းဖြစ်သည့် ရုပ်ရှင် သို့မဟုတ် ဗီဒီယိုပြသခြင်းမှ ရငွေအားလုံးအပေါ်(၃၀)ရာခိုင်နှုန်း၊ ရုပ်ရှင် သို့မဟုတ် ဗီဒီယိုပြသခြင်းမှအပ ကျန်ဖျော်ဖြေမှုများဖြစ်သည့် ဇာတ်၊ အငြိမ့်ရုံပွဲပြသခြင်းမှ ရငွေအားလုံးအပေါ်(၁၅) ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ကောက်ခံပါကြောင်း၊ အဆိုပါ ကုန်သွယ်လုပ်ငန်းခွန်မှာ သွယ်ဝိုက်ခွန်အမျိုးအစားဖြစ်သည့်အားလျော်စွာ ဖျော်ဖြေမှုကျင်းပသူက ပေးဆောင်ရခြင်းမဟုတ်ဘဲ ရုံဝင်လက်မှတ်တွင် အခွန်အပါအဝင်ထည့်သွင်းရောင်းချ၍ ဖျော်ဖြေမှုကြည့်ရှုသူကသာ ပေးဆောင်ရခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဖျော်ဖြေမှုကျင်းပသူအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေပါကြောင်း။

ရုပ်ရှင်၊ ဗီဒီယို၊ ဇာတ်သဘင်လောကသားတို့ထံမှ ကောက်ခံလျက်ရှိသည့် ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ အဆိုပါ လောကသားများသည် တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ယင်းတို့တတ်ကျွမ်းသည့် အနုပညာဖြင့် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နေသူများဖြစ်သည်ဟု နိုင်ငံတော်ကအသိအမှတ်ပြုခဲ့ပါကြောင်း၊ ၎င်းတို့အများစုသည်လည်း အခွန်ထမ်းမဖြစ်ကြသေးသည်ကိုတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ရုပ်ရှင်၊ ဗီဒီယို၊

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဇာတ်သဘင်လောကသားတို့ထံမှကောက်ခံလျက်ရှိသော ဝင်ငွေခွန်ကိုနှစ်အကန့်အသတ်ဖြင့် ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော့ပေါ့ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်မှုမရှိသေးပါကြောင်း၊ အဖွဲ့အစည်းအတွင်း အခွန်ပေးဆောင်မှု မျှတစေရေးနှင့် အခွန်စည်းကြပ်ထိုက်သော ဝင်ငွေရရှိသူတိုင်း အခွန်ငွေပေးဆောင်စေရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေစွာ အခွန်နှုန်းနိမ့်နိမ့်၊ အခွန်အခြေကျယ်ကျယ်ဖြင့်ကောက်ခံရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် လိုအပ်သည့် နိုင်ငံတော်ဘဏ္ဍာငွေ အပြည့်အဝရရှိရေးအတွက် အခွန်စည်းကြပ်ကောက်ခံမှုလုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကအရေးပါသည့် အခွန်ပညာပေးရေးအစီအစဉ်များ၌ ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများနှင့် အနုပညာရှင်များကလည်း တိုင်းကျိုးပြည်ပြုစိတ်ဓာတ်ဖြင့် တစ်တပ်တစ်အားပါဝင်ကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်းဖြင့် ဖြေကြားသည်။

ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင်၏ **အခွန်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့် အမိန့်ညွှန်ကြားချက်များအား ပြည်သူများအလွယ်တကူသိရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍အခွန်ပညာပေးလုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အသီးသီး၌ အခွန်ပညာပေးဆွေးနွေးပွဲများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ်ကျင်းပခြင်း၊ အခွန်ထမ်းအမျိုးအစားတူအုပ်စုအလိုက် ဖိတ်ကြား၍ ရှင်းလင်းဆွေးနွေးခြင်း၊ ဌာနဆိုင်ရာများအားဖိတ်ကြား၍ ရှင်းလင်းဆွေးနွေးခြင်း၊ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၊ ကင်းလွတ်ခွင့်သက်သာခွင့်များကို နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အခွန်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့်အမိန့်ညွှန်ကြားချက်များ၊ အခွန်ဆိုင်ရာပညာပေးဆောင်းပါးများကို ပြည်တွင်းအခွန်များဦးစီးဌာနက တစ်လ(၂)ကြိမ်ထုတ်ဝေပြီး အခွန်ထမ်းပြည်သူများအား ဖြန့်ဝေပေးလျက်ရှိသည့် Revenue Journal နှင့် ပြည်တွင်းအခွန်များဦးစီးဌာနကလွှင့်တင်ထားသော Website (www.irdmyanmar.gov.mm)တွင်လည်း အချိန်နှင့်တစ်ပြေးညီ ဖော်ပြထားပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ်တွင် အခွန်ကိစ္စရပ်များအလွယ်တကူသိရှိနိုင်ရေးအတွက် စုံစမ်းမေးမြန်းနိုင်ရန် ဌာနစိတ်တစ်ခု သီးခြားဖွင့်လှစ်ပေးပြီး ဆောင်ရွက်လျက်ရှိသည့်အပြင် မြို့နယ်ရုံးအသီးသီး၌ ဖွင့်လှစ်ထားရှိသော ပြည်သူ့ဆက်ဆံရေးဌာနစိတ်တွင်လည်း အခွန်ကိစ္စရပ်များကို အလွယ်တကူ မေးမြန်းနိုင်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံသားတိုင်း အခွန်ပေးဆောင်လာစေရန်အတွက် အခွန်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့် အမိန့်ညွှန်ကြားချက်များအား ပြည်သူများအလွယ်တကူသိရှိနိုင်ရေးအတွက် ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ပညာပေးလုပ်ငန်းကို စီမံချက်ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၄)ဦး၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မေးခွန်း(၄)ခုနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးက ပြန်လည်ဖြေကြားသည်။

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ်၏ **နယ်စပ်ဒေသနှင့် ဖွံ့ဖြိုးမှုနည်းပါးနေသည့်၊ ဝေးလံခေါင်ခဲနေသည့် ဒေသများ၏ ပညာရေး၊ ကျန်းမာရေးမြှင့်တင်ပေးရန်ဆောင်ရွက်မည့် အစီအစဉ်ကိုသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအတွက် စရိတ်ငြိမ်းပညာသင်ယူနိုင်ရန် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(၂၉)ကျောင်းကို တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

အခြေခံပညာအထက်တန်းစာမေးပွဲအောင်မြင်ခဲ့ကြသည့် ကျောင်းသားများ အနေဖြင့် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ကြားလေ့ကျင့်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်နှင့် မန္တလေး) သို့တက်ရောက်စေခဲ့ပြီး ကျောင်းသူများကိုလည်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းနှင့် သားဖွားသင်တန်းကျောင်းများသို့ အထူးကိစ္စရပ်တစ်ရပ်အနေဖြင့် တက်ရောက်စေခဲ့ပါကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် ယခင်က နယ်စပ်ဒေသများတွင် မူလတန်းကျောင်း (၂၇) ကျောင်းနှင့် အလယ်တန်းကျောင်း(၁)ကျောင်း၊ ကျောင်းသား၊ ကျောင်းသူ(၁၅၅၃) ဦး သာရှိခဲ့ရာမှ ယခုအခါ မူလတန်းကျောင်း (၈၈၈)ကျောင်း၊ အလယ်တန်းကျောင်း (၉၂)ကျောင်း၊ အထက်တန်းကျောင်း(၉၄)ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် လက်ရှိ ၂၀၁၁-၂၀၁၂ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ(၂၁၇၂၇၉)ဦး တက်ရောက်လျက်ရှိပါကြောင်း။

အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများကို လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်း (၂)နှစ်သင်တန်းအဖြစ် ဖွင့်လှစ်တက်ရောက်စေပြီး သင်တန်းအောင်မြင်သူများကို ပြည်နယ်အတွင်း ဆရာ/ဆရာမအဖြစ်ခန့်အပ်တာဝန်ပေးဆောင်ရွက်လျက်ရှိရာ ၁၉၉၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဆရာ(၂၃၄)ဦး၊ ဆရာမ (၂၆၃၁)ဦး စုစုပေါင်း(၂၈၆၅)ဦး ခန့်အပ်တာဝန်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် တက္ကသိုလ်မှဘွဲ့ရရှိသူများကို လုပ်ငန်းခွင် ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်းအဖြစ် သင်တန်းကာလ (၁)နှစ် ဖွင့်လှစ်တက်ရောက်စေပြီး သင်တန်းအောင်မြင်သူများကို အလယ်တန်းပြ ဆရာ/ဆရာမအဖြစ် ခန့်အပ်တာဝန်ပေးဆောင်ရွက်လျက်ရှိရာ ၂၀၀၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဆရာ(၃၅)ဦး၊ ဆရာမ(၁၂၁၀)ဦး စုစုပေါင်း(၁၂၄၅) ဦးတို့အား မွေးထုတ်တာဝန်ပေးနိုင်ခဲ့ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း အခြေခံပညာအထက်တန်းအောင်မြင်သူများမှ သူနာပြုနှင့်သားဖွားသင်တန်း တက်ရောက်လိုသူများကို ရမှတ်တန်းစီဇယားဖြင့်ရွေးချယ်၍ သက်ဆိုင်ရာဒေသရှိ သင်တန်းကျောင်းများတွင် တက်ရောက်ခွင့်ပြုလျက်ရှိပါကြောင်း၊ သို့ရာတွင် လိုအပ်ချက်ရှိပါက လက်ခံနိုင်သည့် ဦးရေ၏ (၁၀)ရာခိုင်နှုန်းအထိ အထူးကိစ္စရပ်အနေဖြင့် ရွေးချယ်တက်ရောက် ခွင့်ပြုလျက်ရှိပါကြောင်း၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှစတင်၍ မြစ်ကြီးနားနှင့် ဗန်းမော်မြို့များတွင် သူနာပြု/သားဖွားသင်တန်းကျောင်းများ ဖွင့်လှစ်ပြီး ကျန်းမာရေးဝန်ထမ်းများမွေးထုတ်ဆောင်ရွက်ပေးလျက်ရှိရာ သူနာပြုကျား (၃၆)ဦး၊ မ (၆၅၀)ဦး စုစုပေါင်း(၆၈၆)ဦးတို့ကို မွေးထုတ်နိုင်ခဲ့ပြီး ကချင်ပြည်နယ်အတွင်း ခန့်အပ်တာဝန်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၏ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အထူးကိစ္စရပ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်ကို ရှုမြင်ရမည်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသအသီးသီးကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကြားကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိရာတွင် နယ်မြေတည်ငြိမ်အေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများသည်လည်း အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်းဖြင့် ဖြေကြားသည်။

စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို၏ **စစ်တွေမြို့တွင် ဆတ်ရိုးကျချောင်းကူးတံတား ထိုးရန် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စစ်တွေမှဆတ်ရိုးကျအထိ လမ်းမကြီးအတိုင်း ရွှေမင်းဂံသို့ ဆက်သွယ်သည့် ချောင်းကူးတံတားလျာထားနေရာသည် ချောင်းအကျယ်မှာ ပေ(၃၀၀)ခန့် ရှိခြင်း၊ အမြင့်(၃၆)ပေ ရှိသည့် ပြည်တွင်းရေကြောင်းသင်္ဘောများ သွားလာမှုရှိခြင်းတို့ကြောင့် တံတားကိုမြှင့်၍ ဆောက်လုပ်ရန် လိုအပ်သဖြင့် ချဉ်းကပ်လမ်းအပါအဝင် တံတားအရှည်ပေ(၁၀၀၀)ခန့် တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပြီး ရန်ပုံငွေကျပ်သန်း(၂၅၀၀)ခန့် ကုန်ကျမည့်အပြင် ချဉ်းကပ်လမ်းကြောင့် စစ်တွေမြို့ လမ်းမတော်မြောက်ရပ်ကွက်ရှိ လူနေအိမ်ခြေအချို့ကို ပြောင်းရွှေ့ပေးရမည် ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လျာထားသောမြို့အနောက်ဘက်ရှိ လက်ရှိဖော်ထုတ်ထားသည့် စက်မှုရပ်ကွက် နေရာအနီးတွင် ချောင်းကူးတံတားတည်ဆောက်ပါက ချောင်းအကျယ်ပေ (၂၀၀)ခန့်သာရှိပြီး စက်လှေငယ်များသာသွားလာသဖြင့် တံတားကိုမြှင့်၍တည်ဆောက်ရန် မလိုအပ်ခြင်းကြောင့် တံတားအရှည်ပေ (၂၅၀)ခန့်သာ တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်း၏ **ချောင်းဦးမြို့နယ် ချောင်းဦး-အမြင့်လမ်းအား ပြည်ထောင်စုအစိုးရက ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်မည့်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၂ ဒသမ ၉၁ သန်းဖြင့် ချောင်းဦး-အမြင့်လမ်းပေါ်ရှိ အုတ်ခုံခံသစ်သားတံတား(၁)စင်း တည်ဆောက်ပေးရန် လျာထားပြီးဖြစ်ပါကြောင်း။

ချောင်းဦး-အမြင့်လမ်း (၈/၀)မိုင်အား (၁၀)ပေအကျယ်၊ (၈)လက်မထု ကွန်ကရစ်လမ်းဆောင်ရွက်ရန် ခန့်မှန်းကုန်ကျငွေကျပ်(၇၉၂)သန်း ကုန်ကျမည်ဖြစ်ပါကြောင်း၊ ကျေးရွာချင်းဆက်လမ်းများကို ကွန်ကရစ်လမ်းဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးသည့်အတွက် ကျန်ရှိသည့်မြေသားလမ်း (၀/၆) မိုင်ကို ကျောက်ချောလမ်းခင်းခြင်းနှင့် လမ်းပိုင်းတစ်ခုလုံး ပိုမိုကောင်းမွန်အောင် လက်ရှိကျောက်ကြမ်းလမ်း (၇/၂)မိုင်အား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို *စာမျက်နှာ ၈ ကော်လံ ၁ သို့*

9-3 (06).pmd 1 3/9/2012, 1:34 AM

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကျင်းပ

မေးခွန်း (၅)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခုတင်သွင်းခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်

နေပြည်တော် မတ် ၈

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၉၃)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၅)ဦးတို့က လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ မေးခွန်းများကိုမေးမြန်းကြရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက **“တောင်သူလယ်သမားများ သီးနှံဈေးကျခြင်း၊ ရာသီဥတုဖောက်ပြန်၍ အပျက်အစီးအဆုံးအရှုံးများပြီး အကျပ်အတည်းများနှင့် ရင်ဆိုင်နေရစဉ် စိုက်စရိတ်ချေးငွေပြန်လည်ပေးဆပ်ရန်ကာလကို တစ်လတိုး၍ ဆိုင်းငံ့ပေးနိုင်ရန်နှင့် စိုက်စရိတ်ချေးငွေ၏ (၁၀)ရာခိုင်နှုန်းကို စုဆောင်းငွေအဖြစ် ဖြတ်တောက်စာရင်းထားရှိခြင်းကိစ္စတို့”** နှင့် စပ်လျဉ်း၍ မြန်မာ့စီးပွားရေးဘဏ်သည် တောင်သူလယ်သမားများသို့ တိုက်ရိုက်ငွေထုတ်ချေးခြင်းမပြုဘဲ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့သာ ထုတ်ချေးပါကြောင်း၊ ယင်းသို့ထုတ်ချေးရာတွင်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း ထုတ်ချေးလျက်ရှိခြင်းဖြစ်ပြီး ချေးငွေကာလမှာ ဘဏ္ဍာရေးနှစ်အလိုက် ထုတ်ချေးခြင်းဖြစ်သည့်အတွက် ဧပြီလ ၁ ရက် မှစတင်ပြီး နောက်နှစ် မတ်လ ၃၁ ရက်နေ့ထိဖြစ်ပါကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများသို့ ချေးငွေထုတ်ချေးခြင်းဆိုင်ရာကိစ္စရပ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ခြင်းသာ ဖြစ်ပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ယခုစိုက်ပျိုးရာသီကာလတွင် စပါးအပါအဝင် စိုက်ပျိုးသီးနှံများ၊ ဈေးကွက်၏ဝယ်လိုအားနှင့် ဈေးနှုန်းအနည်းငယ်ကျဆင်းနေမှုအပေါ် စိုက်ပျိုးတောင်သူလယ်သမားများ လတ်တလော အခက်အခဲ အကျပ်အတည်းမတွေ့စေရန် ၂၀၁၁ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးစရိတ် ထုတ်ချေးငွေများအား မူလသတ်မှတ်ထားသည့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလကုန် အပြီးပေးသွင်းရန် သတ်မှတ်ချက်အစား ၂၀၁၂ ခုနှစ် မတ်လ ၃၁ ရက်နေ့ ဘဏ္ဍာရေးနှစ် ခွင့်ပြုကာလမတိုင်မီ မတ်လကုန်ထိ ပြန်လည်ပေးသွင်းချိန်ကာလတိုးမြှင့်ခြင်းကို ၁၇-၁-၂၀၁၂ ရက်နေ့မှ စတင်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲများအားလုံးမှ ဆောင်ရွက်လျက်ရှိပါကြောင်း။

တောင်သူလယ်သမားများ၏ စုဆောင်းငွေနှင့်ပတ်သက်၍ တောင်သူများငွေထုတ်ယူလိုကြောင်း ဘဏ်သို့ဆက်သွယ်တင်ပြတောင်းခံလာပါက ဘဏ်မှထုတ်ပေးလျက်ရှိပါကြောင်း၊ ယခုဘဏ္ဍာရေးနှစ်အစ ၁-၄-၂၀၁၁ ရက်နေ့မှ ၂၀-၁-၂၀၁၂ ရက်နေ့အထိ စုဆောင်းငွေထုတ်ယူသူ တောင်သူလယ်သမားဦးရေ (၂၇၉၉)ဦးကို ငွေကျပ် (၁၁၀၅ ဒသမ ၆၃)သန်း ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ တောင်သူများ လယ်ယာလုပ်ငန်း မလုပ်ကိုင်တော့၍ ဘဏ်မှငွေချေး၊ ငွေထုတ်ခြင်းမပြုလုပ်လိုသောတောင်သူများ စာရင်းပိတ်သိမ်းရန်တင်ပြလာပါက စုဆောင်းငွေ လက်ကျန်အားလုံးထုတ်ပေးပြီး အပြီးတိုင်စာရင်းပိတ်သိမ်းပေးခဲ့ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၁-၄-၂၀၁၁ ရက်နေ့မှ ၂၀-၁-၂၀၁၂ ရက်နေ့အထိ စာရင်းပိတ်သိမ်းပေးခဲ့သည့် တောင်သူလယ်သမား (၂၁၂၉)ဦးရှိပြီး ထုတ်ပေးခဲ့သည့်ငွေပေါင်းမှာ ကျပ် (၁၃၀ ဒသမ ၁၁)သန်း ဖြစ်ပါကြောင်း။

ဤငွေစုဆောင်းခြင်းလုပ်ငန်းသည် တောင်သူလယ်သမားများ ဘဏ်စနစ်ကို ကျင့်သုံးတတ်စေပြီး လက်ဝယ်ရှိ ငွေပိုငွေလျှံများကို စုဆောင်းလာစေရန်နှင့် ဘဏ်နှင့် တောင်သူအကြား ဆက်သွယ်မှုတစ်ခုအဖြစ် သတ်မှတ်နိုင်ပြီး ဘဏ်မှချေးငွေထုတ်ချေးခြင်းမပြုသူများကို ငွေစုစာရင်း ဖွင့်လှစ်ပေးခြင်းမရှိသည့်အပြင် စာရင်းဖွင့်လှစ်ထားသူ တောင်သူများအနေဖြင့် ဘဏ်နှင့်အဆက်အသွယ်မပြုလုပ်လိုတော့လျှင် ငွေစုခြင်းလုပ်ငန်းကို အပြီးတိုင်စာရင်းပိတ်သိမ်းပေးခဲ့ရ၍ တောင်သူအများစုအတွက် ဆောင်ရွက်သင့်သည့်လုပ်ငန်းတစ်ခုဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဖွင့်လှစ်သင်ကြား

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ်က **“ဒီမောဆိုမြို့နယ်ရှိ ယခင်စိုက်ပျိုးရေး အထက်တန်းကျောင်းကို စိုက်ပျိုးရေးသိပ္ပံကျောင်းအဖြစ် အဆင့်တိုးမြှင့်ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများ၏ သားသမီးများအနေဖြင့် ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များကို မိမိတို့ဒေသအတွင်းမှာပင် လေ့လာသင်ယူနိုင်ရန်ရည်ရွယ်ပြီး စိုက်ပျိုးရေးသိပ္ပံ(၇)ကျောင်းကို ဧရာဝတီတိုင်းဒေသကြီးရှိ မြောင်းမြမြို့၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သာယာဝတီမြို့၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပျဉ်းမနားမြို့နှင့် ပုသိမ်ကြီးမြို့၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပွင့်ဖြူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုမြို့နှင့်မွန်ပြည်နယ်အတွင်းရှိ သထုံမြို့များတွင် ဖွင့်လှစ်ထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် သီးနှံအထူးပြုသင်တန်းကျောင်း(၂)ကျောင်းကို ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့များတွင် လည်းကောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် တက္ကသိုလ်၏ သီးနှံအထူးပြုကျောင်းခွဲများကို မှော်ဘီမြို့၊ လှည်းကူးမြို့၊ မော်လမြိုင်မြို့၊ ဖြူးမြို့၊ မကွေးမြို့၊ ကျောက်ဆည်မြို့နှင့် အောင်ပန်းမြို့များတွင်လည်းကောင်း အသီးသီးဖွင့်လှစ်သင်ကြားပေးလျက် ရှိပါကြောင်း။

ကယားပြည်နယ် ဒေသခံများအနေဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်သော အသိပညာ၊ အတတ်ပညာများ သင်ယူနိုင်ရန်အတွက် ၎င်းနှင့်နယ်မြေထိစပ်လျက်ရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)အောင်ပန်းမြို့တွင် ဖွင့်လှစ်ထားရှိသည့် ကုန်းမြင့်သီးနှံအထူးပြုစိုက်ပျိုးရေးသင်တန်းကျောင်းတွင် တက်ရောက်သင်ယူ လေ့လာနိုင်ပါကြောင်း။

ထို့ပြင် တောင်သူလယ်သမားများကို တိုက်ရိုက်ထိထိရောက်ရောက် အကျိုးပြုနိုင်မည့် စိုက်ပျိုးရေးပညာရပ်များကို အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် ၂၀၁၂-၂၀၁၃ ခုနှစ်မှစပြီး ထည့်သွင်းသင်ကြားနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး လိုအပ်ချက်များအပေါ် ကဏ္ဍအလိုက်ဦးစားပေးလုပ်ငန်းများ ခွင့်ပြုဆောင်ရွက်ပေးနေရလျက်ရှိသည့်အပေါ် သိရှိနားလည်ပေးနိုင်ပါရန်နှင့် ရန်ပုံငွေရရှိမှုအခြေအနေနှင့် ကဏ္ဍအလိုက်ဦးစားပေးဆောင်ရွက်မည့် အစီအစဉ်များအလိုက် အခါအခွင့်သင့်ချိန်တွင် စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှိုင်ဦး၏ **“တောင်သူလယ်သမားများ၏ လယ်ယာဖွံ့ဖြိုးရေးဘဏ်စုဆောင်းငွေ”** နှင့် **“လပွတ္တာမြို့နယ် ဇင်ရွဲကျွန်းရေငန်တားပတ် တာတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** တို့နှင့်စပ်လျဉ်း၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ကျေးလက်နေတောင်သူလယ်သမားများ ဘဏ်စနစ်ကို ကျင့်သုံးတတ်စေရန် တောင်သူလယ်သမားများ လက်ဝယ်ရှိ ငွေပိုငွေလျှံများကို ချွေတာစုဆောင်းတတ်သည့် အလေ့အကျင့်များရရှိစေရန်အတွက် ၁-၁၀-၁၉၉၃ ရက်မှ စတင်၍ တောင်သူတစ်ဦးချင်းကို ငွေစုစာအုပ်များထုတ်ပေးစေပြီး ငွေစုဆောင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ စတင်ဆောင်ရွက်ခဲ့သည့် ၁-၁၀-၁၉၉၃ ရက်မှ ၂၀-၁-၂၀၁၂ ရက်နေ့အထိ ငွေစုသူတောင်သူလယ်သမားဦးရေ (၃၀၃၇၃၇၇)ဦးမှ ငွေကျပ် (၆၄၃၃၇ ဒသမ ၁၂)သန်း စုဆောင်းထားရှိပြီးဖြစ်ပါကြောင်း။

တောင်သူလယ်သမားများ ငွေစုဆောင်းခြင်းအပေါ် ဘဏ်မှသတ်မှတ်သည့်အတိုင်း ထည့်သွင်းပေးလျက်ရှိပြီး ဘဏ်ဥပဒေအရ မိမိငွေစုစာရင်း၏ နောက်ဆုံးငွေလက်ကျန်နှင့်အတိုးများ ထည့်သွင်းပေးရန် ကာယကံရှင်မှ ဘဏ်သို့ ဆက်သွယ်တင်ပြလာပါက ဘဏ်မှထည့်သွင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြို့နယ်ဘဏ်ခွဲများမှလည်း အခါအားလျော်စွာ တောင်သူလက်ဝယ်ရှိ ငွေစုစာအုပ်များကို ဘဏ်သို့စုစည်းယူလာစေပြီး ငွေလက်ကျန်ရေးသွင်းခြင်း၊ အတိုးငွေထည့်သွင်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထုတ်ပေး

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် အခြားနိုင်ငံပိုင်ဘဏ်၊ ပုဂ္ဂလိကဘဏ်များနည်းတူ ငွေစုဘဏ်ဥပဒေအရ ငွေစုစာအုပ်ရှိ စုဆောင်းငွေများကို သတ်မှတ်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

စုဆောင်းငွေ ပမာဏတစ်ခုချန်လှပ်၍ ငွေထုတ်ရန်တင်ပြတောင်းခံလာပါက စုဆောင်းငွေများကို ပြန်လည်ထုတ်ပေးလျက်ရှိပါကြောင်း၊ ယခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်းတွင် ၁-၄-၂၀၁၂ ရက်မှ ၂၀-၁-၂၀၁၂ ရက်အထိ တောင်သူ (၂၇၇၉)ဦးကို စုဆောင်းငွေပေါင်း ငွေကျပ်(၁၁၀၅ ဒသမ ၆၃)သန်း ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ဇင်ရွဲကျွန်းရေငန်တားပတ်တာတည်ဆောက်ပေးရန်နှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၊ သပြေကုန်းကျေးရွာအုပ်စု အရှေ့တောင်ဘက်တွင် ရွှေးမြစ်နှင့် ဇင်ရွဲကြီးချောင်းအကြား ဇင်ရွဲကျွန်းအတွင်းရှိ လယ်မြေဧက (၄၀၅၀)ခန့်ကို ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် အလျား (၅ ဒသမ ၈၂)မိုင်ရှိသည့် မူလဇင်ရွဲတာကို ၁၉၅၇ ခုနှစ်တွင် မြေယာနှင့် ကျေးလက်တိုးတက်ဖွံ့ဖြိုးရေး ကော်ပိုရေးရှင်းမှ တည်ဆောက်ပေးခဲ့သောတာဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် မေလတွင် နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် (၅)ခုတွင် ရေငန်တားတာတမံ (၃၄)ခုပျက်စီးခဲ့ပါကြောင်း၊ ပျက်စီးသွားသည့် တာတမံများကို မူလအတိုင်း တာပုံစံကျပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ဇင်ရွဲတာသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ဇင်ရွဲတာ တာပုံစံကျပြန်လည်ပြုပြင်မှုကို ၂၀၁၀ ခုနှစ် ဧပြီလတွင် ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ ထိုနည်းတူ ဆည်မြောင်းဦးစီးဌာနသည် ပျက်စီးသွားသော အခြားရေငန်တား တာတမံများကိုလည်း တာပုံစံကျ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကိုလည်း နှစ်အလိုက် စီမံချက်ရေးဆွဲ၍ ပြန်လည်ပြုပြင်ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ဇင်ရွဲတာအား တိုးချဲ့ပြုပြင်ရန်နှင့်ပတ်သက်၍ ဆည်မြောင်းဦးစီးဌာနအနေဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်းက **“စက်မှုဇုန်စက်ရုံများမှ လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်မှုအခြေအနေ”** နှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနတွင် လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံ(၃)ရုံရှိပါကြောင်း၊ အမှတ်(၁၆) အထွေထွေအကြီးစားစက်ရုံ (ဆင်တဲ)၊ အမှတ်(၁၇) အကြီးစားစက်ရုံ (မလွန်)နှင့် အမှတ်(၁၈)အကြီးစားစက်ရုံ(အင်းကုန်း)တို့ ဖြစ်ပါကြောင်း။

အမှတ်(၁၆) အထွေထွေအကြီးစားစက်ရုံ(ဆင်တဲ)မှ ပေါက်ပြား၊ ဂေါ်ပြား၊ (၂)လက်မနှင့်(၄)လက်မ ပန့်၊ 5 HP KND-5B ရေစုပ်စက်အင်ဂျင်၊ ဧရာ-၁ လက်တွန်းထွန်စက်နှင့် တွဲဖက်အသုံးပြုသည့် ထွန်/ထယ်အမျိုးမျိုး၊ ဓားစက်တုံးအမျိုးမျိုး၊ (၁၆)သွားထွန်၊ (၃)သွားထယ်၊ (၂)တန် ထော်လာဂျီယာဉ်နှင့် မျိုးစေ့ချကိရိယာများကို ထုတ်လုပ်ပါကြောင်း၊ အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်)မှ 50 HP, 60 HP, 80 HP နှင့် 90 HP ထွန်စက်ကြီးများ၊ (၂)တန်နောက်တွဲယာဉ်၊ (၄)တန်နောက်တွဲယာဉ်၊ စပါးခြွေလှေ့စက်၊ (၃)တန်နှင့်(၅)တန်ကျ ဆန်စက်ငယ်များနှင့် Grain Silo များကို ထုတ်လုပ်ပြီး အမှတ်(၁၈)အကြီးစားစက်ရုံ(အင်းကုန်း)မှ 22 HP Diesel Engine၊ 48 HP, 70 HP နှင့် 80 HP Combine Harvester များကို ထုတ်လုပ်ပါကြောင်း၊ စက်မှုဇုန်များမှ ထုတ်လုပ်မှုနှင့်ပတ်သက်၍ မန္တလေးစက်မှုဇုန်မှ လယ်ယာကဏ္ဍအတွက် နှစ်ဘီးလက်တွန်းထွန်စက်၊ တစ်လုံးထိုး/နှစ်လုံးထိုး အင်ဂျင်သုံးထော်လာဂျီ၊ နှစ်လုံးထိုး အင်ဂျင်သုံးရေသယ်ယာဉ်နှင့် တစ်လုံးထိုးအင်ဂျင်သုံး Farm Truck တို့ကို ထုတ်လုပ်လျက်ရှိသည့်အပြင် မုံရွာစက်မှုဇုန်မှလည်း Mini Tractor များကို ထုတ်လုပ်လျက်ရှိပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ၁၉၉၃-၁၉၉၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ကုန်အထိ လယ်ယာထွန်စက်အမျိုးမျိုး (၇၂၁၄၈)စီး၊ စပါးရိတ်စက်(၁၆၀၉)စီး၊ စပါးခြွေလှေ့စက် အလုံး(၇၉၉၀)၊ စပါးအခြောက်ခံစက် အလုံး(၆၅၀)၊ စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက် (၇၅)လုံး၊ လယ်ယာသုံးသယ်ပို့ယာဉ် (၂၈၁)စီးနှင့် အင်ဂျင်အမျိုးမျိုး (၁၇၆၂)လုံးကို ထုတ်လုပ်ရောင်းချပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် လယ်ယာထွန်စက်အမျိုးမျိုး အစီး(၄၇၀၀) ထုတ်လုပ်ရန်လျာထားသည့်အနက် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလကုန်အထိ အစီး(၃၀၉၀) ထုတ်လုပ်ဖြန့်ဖြူးခဲ့ပါကြောင်း၊ စပါးခြွေလှေ့စက်အလုံး (၈၅၀)ထုတ်လုပ်ရန် လျာထားသည့်အနက် (၅၀၃)လုံး ထုတ်လုပ်ဖြန့်ဖြူးပြီးဖြစ်ပါကြောင်း၊ ကောက်စိုက်စက် (၅၂)စီး စမ်းသပ်ထုတ်လုပ်ခဲ့ပြီး (၁၈)စီး ရောင်းချပေးနိုင်ခဲ့ပါကြောင်း၊ တောင်သူလယ်သမားများ၏ လိုအပ်ချက်အရ တောင်းခံလာသော တစ်ဘီးတပ်ထွန်စက်၊ တမန်းလှေ၊ စပါးအခြောက်ခံစက် အစရှိသည့် လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးတို့ကိုလည်း ထုတ်လုပ်ဖြန့်ဖြူးပေးလျက် ရှိပါကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လယ်ယာထွန်စက်အမျိုးမျိုး အစီး(၄၇၀၀)၊ စပါးခြွေလှေ့စက်အလုံး(၈၅၀)၊ ကောက်စိုက်စက် အစီး(၁၀၀)နှင့် စပါးအခြောက်ခံစက်အလုံး (၅၀)ထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ လယ်ယာလုပ်ငန်းတွင် အသုံးပြုရန် လယ်ယာသုံးစက်ကိရိယာများကို တောင်သူများလိုအပ်ချက် အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် လက်ရှိအခြေအနေတွင် နိုင်ငံပိုင်စက်ရုံများမှ အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးသော်လည်း ပုဂ္ဂလိက လယ်ယာသုံးစက်ကိရိယာ ရောင်းဝယ်ရေးဆောင်ရွက်နေသော ဂွဒ်ဘရားသားကုမ္ပဏီ၊ ရွှေထွန်းကုမ္ပဏီ၊ ရီရှင်းကုမ္ပဏီ အစရှိသည့် ကုမ္ပဏီများမှလည်း ဖြည့်ဆည်းဖြန့်ဖြူးပေးလျက်ရှိရာ တောင်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံက **“လယ်သမားများအတွက် ပိုးသတ်ဆေး၊ မြေဩဇာများကို ဖြန့်ဖြူးပေးရန်”** နှင့် **“လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ပိုလျှံဝန်ထမ်းများ ပြန်လည်ခန့်အပ်ရန် သို့မဟုတ် နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိ”** တို့နှင့်စပ်လျဉ်း၍ မေးမြန်းရာ ယခင်က နိုင်ငံတော်ပိုင်စက်ရုံများမှထုတ်လုပ်သည့် ယူရီးယားဓာတ်မြေဩဇာနှင့် နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပမှ ဝယ်ယူတင်သွင်းသည့် အခြားသောဓာတ်မြေဩဇာများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတစ်ဆင့် တောင်သူများထံအရောက် တာဝန်ယူဖြန့်ဖြူးခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မှုကြောင့် စိုက်ပျိုးပညာပေးရေး ဝန်ထမ်းများအနေဖြင့် လယ်သမားများကို ပညာပေးစည်းရုံးဆောင်ရွက်ရာတွင် များစွာ အထောက်အကူဖြစ်စေခဲ့ပါကြောင်း၊ သို့သော် ယင်းကာလများအတွင်း ဌာနအနေဖြင့် တောင်သူများထံမှ ဓာတ်မြေဩဇာအတွက် ရရန်ကြွေးမြီ ပမာဏများပြားလာမှုနှင့်အတူ အချို့သောဝန်ထမ်းများ၏ မမှန်မကန်ပြုမှု ဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှစ၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တောင်သူများသို့ တိုက်ရိုက်ဖြန့်ဖြူးသည့်စနစ်ကို ရပ်ဆိုင်းခဲ့ပါကြောင်း။

ဖြန့်ဖြူးရောင်းချ

ယင်းကာလနောက်ပိုင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် သီးနှံအလိုက် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ဓာတ်မြေဩဇာလိုအပ်ချက်စာရင်းကိုပြုစုပြီး စွမ်းအင်ဝန်ကြီးဌာနသို့ ပေးပို့ရပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနသည် ယင်းဌာနအောက်ရှိ ယူရီးယားဓာတ်မြေဩဇာစက်ရုံများမှ ထုတ်လုပ်နိုင်မှုအပေါ် အခြေခံညှိနှိုင်းပြီး ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများမှ တစ်ဆင့် မျှတဖြန့်ဖြူးပေးခဲ့ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် တောင်သူများသို့ အကြွေးစနစ်ဖြင့် ဖြန့်ဖြူးပေးခဲ့သည့်အတွက် စွမ်းအင်ဝန်ကြီးဌာနသို့ပေးသွင်းရန် ဓာတ်မြေဩဇာဖိုး အကြွေးကျန်များပြားလာပြီး ၂၅-၁-၂၀၁၂ ရက်တွင် ရရှိရန်ရှိသော ကြွေးကျန်ငွေမှာ (၄ ဒသမ ၄၂) ဘီလီယံကျပ်အထိ ရှိလာခဲ့ပါကြောင်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်နှင့်တိုင်းများမှ ဓာတ်မြေဩဇာဖိုး ကြွေးကျန် များပြားမှုကြောင့် လာရောက်ထုတ်ယူခြင်းမရှိသဖြင့် စွမ်းအင်ဝန်ကြီးဌာနမှ ယူရီးယားဓာတ်မြေဩဇာများကို တစ်တန်လျှင် ငွေကျပ်(၃၆၀၀၀၀)နှုန်းဖြင့် တစ်တန်ဝယ်ယူလျှင် အပိုဆောင်း(၅)အိတ် ထပ်ဆောင်းပေးသည့်စနစ်ဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းများသို့ ၂၀၀၉ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှစ၍ ရောင်းချပေးခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ် ဇွန် ၁၄ ရက်မှစ၍ ယနေ့ထိ သင့်တင့်မျှတသော ဈေးနှုန်းဖြစ်သည့် တစ်တန်လျှင် ငွေကျပ် (၂၈၈၀၀၀)နှုန်း၊ တစ်အိတ်လျှင် ငွေကျပ်(၁၄၄၀၀)နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

ယခုအခါ စွမ်းအင်ဝန်ကြီးဌာနမှထုတ်လုပ်သော ဓာတ်မြေဩဇာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့်လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းလက်အောက်ရှိ ဆန်စပါးအထူးပြုကုမ္ပဏီများမှတစ်ဆင့် လည်းကောင်း၊ တောင်သူလယ်သမားများထံသို့ တိုက်ရိုက်စနစ်ဖြင့် လည်းကောင်း လက်ငင်းငွေချေစနစ်နှင့် (၆)လဆိုင်း အကြွေးစနစ်တို့ဖြင့် ရောင်းချဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ဓာတ်မြေဩဇာထုတ်လုပ်ဖြန့်ဖြူးမှုအား အစိုးရဌာနများမှ ထိန်းချုပ်ဆောင်ရွက်သည့်စနစ်မှာ နိုင်နိုင်နင်းနင်းဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် အဟန့်အတား၊ ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့သည်ကို ပကတိအခြေအနေအတိုင်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်မှချမှတ်ထားသော ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် ပုဂ္ဂလိက အခန်းကဏ္ဍအား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဓာတ်မြေဩဇာထုတ်လုပ်မှုအပါအဝင် ဖြန့်ဖြူးရောင်းချမှု လုပ်ငန်းအား ပုဂ္ဂလိကကဏ္ဍမှ စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာရေးအတွက် စီမံဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှပြဌာန်းပေးထားသည့် မြေဩဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေများနှင့်အညီ တောင်သူလယ်သမားများ အရည်အသွေးမှန်ကန်သည့်

စာမျက်နှာ ၈ ကော်လံ ၅ သို့

စာမျက်နှာ ၆ မှ

နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် သန်း(၃၀)ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် လမ်းပိုင်းတစ်ခုလုံး ကောင်းမွန်သွားချိန်တွင် ကတ္တရာလမ်းအဆင့်တိုးမြှင့်ပေးနိုင်ရေးကို ရန်ပုံငွေခွင့်ပြုဝင်ဆံ့မှုနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ၏ **အမ်းမြို့နယ် ရှောက်ခြံကျေးရွာမှ မြေပုံမြို့နယ် ကမ်းထောင်းကြီးကျေးရွာသို့ ဆက်သွယ်သည့် အရှည်(၆)မိုင်ရှိသည့် ခရိုင်ချင်းဆက်လမ်းအား ပြန်လည်ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ၎င်း၏ကိုယ်စား ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်းက မေးမြန်းရာ အမ်း-ကဇူးကိုင်းကားလမ်းရှိ အမ်းမြို့နယ် ရှောက်ခြံကျေးရွာမှ မြေပုံမြို့နယ် ကမ်းထောင်းကြီးကျေးရွာသို့ ဆက်သွယ်သည့် အရှည်(၆)မိုင်ရှိ ခရိုင်ချင်းဆက်လမ်းအားပြုပြင်ထိန်းသိမ်းပေးရန် အမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ လုံလောက်မှုမရှိပါသဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့ငွေကျပ် (၁၀)သန်းဖြင့် လမ်းပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေပွန် (၄)စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး အဆိုပါလမ်းကို ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ နိုင်ငံတော်ထောက်ပံ့ငွေနှင့် အမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေတို့ ပေါင်းစပ်၍ (၂)နှစ်အတွင်း လုပ်ငန်းပြီးစီးအောင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍ၌ ဖေဖော်ဝါရီ ၂၉ ရက်က တင်သွင်းခဲ့သော တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီ၏ **The Arbitration (Protocol and Convention)Act(Act No. VI, 1937) (19th January, 1939) ကို ပြင်ဆင်ရန်** အဆိုနှင့် **The Arbitration Act,1944 (Act No.IV,1944) (1st March, 1946) ကို ပြင်ဆင်ရန်** အဆိုတို့နှင့်စပ်လျဉ်း၍ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးသန်းထွန်းက ယင်းဥပဒေများသည် လွတ်လပ်ရေးမရမီက ပြဋ္ဌာန်းခဲ့သောဥပဒေများဖြစ်ပြီး ယခုနိုင်ငံတကာ၏ လိုက်နာကျင့်သုံးလျက်ရှိသော ပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် ခေတ်နှင့်လျော်ညီစွာ အသုံးပြုနိုင်ရေးတို့အတွက် ပြင်ဆင်ရေးဆွဲရန် အဆိုအားထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးကArbitration (ခေါ်)အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းလမ်းသည် စီးပွားရေးစာချုပ်စာတမ်းများတွင် စာချုပ်ဝင်များအကြားပေါ်ပေါက်သော အငြင်းပွားမှုကို ဖြေရှင်းသည့်နည်းလမ်းတစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ယင်းနည်းလမ်းသည် Litigation ဟုခေါ်ဆိုသော တရားရုံးတွင် တရားစွဲဆိုဆောင်ရွက်သည့်နည်းလမ်းနှင့် မတူညီဘဲ အငြင်းပွားသူများက သဘောတူရွေးချယ်ပေးထားသည့် ခုံသမာဓိလူကြီးများက အလွတ်သဘောထိုင်၍ ဖြေရှင်းသော နည်းလမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ အနုညာတဖြေရှင်းခြင်းနည်းလမ်းကို ရှေးအခါက မြန်မာမင်းများလက်ထက်ကပင် ကျင့်သုံးခဲ့သည်ကိုလည်း ဓမ္မသတ်များအရ တွေ့ရပါကြောင်း၊ ယနေ့မျက်မှောက်ခေတ်တွင် အနုညာတဖြေရှင်းခြင်းကို နည်းလမ်း(၃)သွယ်ဖြင့် ကျင့်သုံးကြပါကြောင်း၊ အဆိုပါနည်းလမ်းများမှာ လွတ်လပ်စွာပြုသော အနုညာတဖြေရှင်းခြင်း၊ တရားရုံး၏ပါဝင်မှုဖြင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ဗဟိုဌာနများတွင် စာရင်းတင်ထားသော Arbitrator များကို အငြင်းပွားသူများက ရွေးချယ်ကျင့်သုံးသော Arbitration Rules များနှင့် ဖြေရှင်းခြင်းတို့ ဖြစ်ပါကြောင်း။

The Arbitration Act,1944 ကို ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီအချင်းချင်း တစ်ဖက်နှင့်တစ်ဖက်အငြင်းပွားမှုများကို တရားရုံးပြင်ပတွင် ဖြေရှင်းဆောင်ရွက်ရေးအတွက် ခုံလူကြီးနှင့် သမာဓိလူကြီးခန့်အပ်သည့် ကိစ္စ၊ အငြင်းပွားသူတို့အကြား အငြင်းပွားသူတစ်ဦးသေဆုံးသည့်ကိစ္စ၊ တရားဝင်ကိုယ်စားလှယ်ဆက်ခံသည့်ကိစ္စ၊ ခုံသမာဓိလူကြီးများ၏လုပ်ပိုင်ခွင့်အာဏာကိစ္စ၊ ခုံသမာဓိလူကြီးအား ဖယ်ရှားသည့်ကိစ္စ၊ ခုံသမာဓိဆုံးဖြတ်ချက်ကို အတည်ပြုခြင်းကိစ္စ၊ ဆုံးဖြတ်ချက်ကို ပြင်ဆင်သည့်ကိစ္စ၊ ခုံသမာဓိ၏ ဆုံးဖြတ်ချက်အတိုင်း မလိုက်နာပါက သက်ဆိုင်ရာတရားရုံးသို့တင်သွင်းပြီး အတည်ပြုဆောင်ရွက်ရေးကိစ္စ၊ အယူခံခြင်းကိစ္စ စသည်တို့အတွက် ပြဋ္ဌာန်းထားခြင်း ဖြစ်ပါကြောင်း။

တည်ဆဲဥပဒေနှစ်ရပ်အနက် The Arbitration Act,1944 သည် ယနေ့မျက်မှောက်ခေတ်ကာလတွင်ရှိသော ကမ္ဘာ့စီးပွားကူးသန်းကုန်သွယ်မှုဥပဒေ ဖြစ်ပေါ်တိုးတက်မှုနှင့်လျော်ညီခြင်းမရှိတော့သော်လည်း မြန်မာနိုင်ငံအတွင်း၌ နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအကြား ဖြစ်ပွားသောအငြင်းပွားသည့်ကိစ္စရပ်များတွင် အသုံးပြုနိုင်သော ပြည်တွင်းဥပဒေဖြစ်ပါကြောင်း၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ကျင့်သုံးခြင်း၏အခြေခံမှာ အငြင်းပွားသူများအကြား ၎င်းတို့နှစ်သက်ရာသဘောတူရွေးချယ်သည့် နည်းလမ်းကို ရွေးချယ်ကျင့်သုံးခွင့်ရှိသောကြောင့် The Arbitration Act,1944 ကို အသစ် ပြန်လည်ရေးဆွဲရန် မသင့်ဘဲ ပြည်တွင်းဥပဒေတစ်ရပ်အဖြစ် လိုအပ်သည်များကို အနည်းငယ်ပြင်ဆင်၍ ဆက်လက်ထားရှိသင့်ကြောင်းကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်သမ္မတရုံး၏ ၂၀-၄-၂၀၁၁ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၁) ဖြင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းထားသည့် ဥပဒေအကြံပေးအဖွဲ့၏(၁/၂၀၁၁) အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် UNCITRAL Arbitration Rules လက်ခံကျင့်သုံးရေးနှင့် New York Convention တွင် အတည်ပြုပါဝင်ရေးတို့အတွက် စီးပွားရေးပြည်ထောင်စုဝန်ကြီးဌာန (၂၉)ခုသို့ သဘောထား မှတ်ချက်တောင်းခံခဲ့ရာ UNCITRAL Arbitration Rules ကို လက်ခံကျင့်သုံးသင့်ကြောင်းနှင့် New York Convention တွင်လည်း ပါဝင်သင့်ကြောင်း အသီးသီးသဘောထားမှတ်ချက်ပြု ပြန်ကြားခဲ့ပါကြောင်း။

ပြည်တွင်းနေနိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်းသည့် ဖြစ်ပေါ်လာနိုင်သော အငြင်းပွားမှုကိစ္စရပ်များအတွက် လက်ရှိတည်ဆဲ The Arbitration Act,1944 ကို ခေတ်နှင့်အညီပြင်ဆင်ရန် လိုအပ်သည်များကို အနည်းငယ်ပြင်ဆင်၍ ပြည်တွင်းအနုညာတ စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ နည်းလမ်း (Domestic Arbitration) အဖြစ်ဆက်လက်လိုက်နာကျင့်သုံးရန်၊ အနုညာတစီရင် ဆုံးဖြတ်ရေးနည်းလမ်း UNCITRAL Arbitration Rules ကို လက်ခံကျင့်သုံးရန်၊ အနုညာတစီရင်ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရေးကိစ္စရပ်နှင့်စပ်လျဉ်း၍ Enforcement Mechanism မျှသာဖြစ်သော New York Convention သို့အတည်ပြုပါဝင်ရန်၊ လက်ရှိတည်ဆဲ Geneva Convention, The Arbitration and Convention Act(Act No. VI/1937) နှင့်စပ်လျဉ်း၍ Geneva Convention အဖွဲ့ဝင်အဖြစ် ကျန်ရှိနေသော အခြားနိုင်ငံ တစ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားအငြင်းပွားမှုကို ဖြေရှင်းမည်ဆိုပါက မြန်မာနိုင်ငံသည် Geneva Convention မှ မထွက်ဘဲ ဆက်လက်ပါဝင်နေခြင်းဖြင့် Geneva Convention အရ အတည်ပြုဆောင်ရွက်နိုင်မည်ဖြစ်၍ Arbitration and Convention Act(Act No. VI/1937) ကို ဆက်လက်ကျင့်သုံးရန်ဟူ၍ သုံးသပ်တွေ့ရှိရပါကြောင်း။

သို့ဖြစ်၍ The Arbitration Act,1937, The Arbitration Act,1944 တို့နှင့်စပ်လျဉ်း၍ လိုအပ်သည့်အပိုင်းများကို ခေတ်နှင့်အညီပြင်ဆင်ရေးဆွဲပြီး ဆက်လက် ကျင့်သုံးရန်လည်းကောင်း၊ New York Convention သို့ ပါဝင်ရန်လည်းကောင်း အဆိုကို အတည်ပြုသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီ၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းဆွေးနွေးခြင်းကဏ္ဍ၌ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့်က **ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်အမှန်တကယ် လိုအပ်နေသော သူနာပြုအကူများ မွေးထုတ်ပေးနိုင်ရန် လိုအပ်သော စီမံချက်များရေးဆွဲပြီး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးရန်** အဆိုကိုတင်သွင်းရာ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းက သူနာပြုအကူသင်တန်းများသည် သူနာပြုများအမှန်တကယ် မွေးထုတ်ပေးနိုင်ရေးအတွက် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရေး အခန်းကဏ္ဍတွင်လည်း အဓိကလိုအပ်ချက်ဖြစ်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီသည် သူနာပြုအကူများကို သင်တန်းဖွင့်လှစ်လေ့ကျင့်သင်ကြားပေးခြင်း၊ အရည်အချင်းစစ်ဆေးခြင်းနှင့် အောင်လက်မှတ်များ ထုတ်ပေးခြင်းတို့ကို ယခင် Burmar Medical Degrees Act., (1916)အား အသစ်ပြင်ဆင်ရေးဆွဲလျက်ရှိသော မြန်မာနိုင်ငံဆေးပညာနှင့်ဆေးပညာ နှီးနွှယ်ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်များဆိုင်ရာ ဥပဒေ(The Myanmar Medical and Allied Degrees, Diploma Certificates Act) နှင့်အညီဆောင်ရွက်ရန် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိသည့်အပြင် အလုပ်သမားဝန်ကြီးဌာနနှင့်ပူးပေါင်း၍ သူနာပြုအကူများအတွက် National Skill Framework, Employment and Skill Development Law တို့နှင့်အညီ ဖြစ်စေရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သူနာပြုအကူသင်တန်းများအား စီမံချက်ချမှတ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ဆေးရုံကြီးများတွင် စနစ်တကျ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် အဆိုအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဒေါက်တာကျော်မြင့်၏အဆိုကို လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အလားတူ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောင်က **တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများတွင် ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ပြဋ္ဌာန်းရန်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်၊ အတွေ့အကြုံရှိသည့် ပြည်သူလူထုထံမှ အကြံဉာဏ်ပေးစာများအားတောင်းခံရန်** အဆိုကိုတင်သွင်းရာ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက ကောင်းမွန်ပြည့်စုံမှန်ကန်မျှတသော ဥပဒေပေါ်ထွန်းရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်၊ အတွေ့အကြုံရှိသည့် ပြည်သူလူထုထံမှအကြံဉာဏ်များကို လွှတ်တော်က မလွဲမသွေ တောင်းခံရယူရမည်ဖြစ်သည့်အတွက် အဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် အသစ်ပြဋ္ဌာန်းရန်ဆောင်ရွက်ကြရာတွင် ပညာရပ်ဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကြံဉာဏ်များ၊ ဝေဖန်သုံးသပ်ချက်များရရှိရေးအတွက်လည်းကောင်း၊ အကြောင်းအရာများ ပြည့်ပြည့်စုံစုံ ဖြစ်စေရေးအတွက်လည်းကောင်း ပညာရှင်များ၊ လက်တွေ့နယ်ပယ်တွင် လုပ်ကိုင်နေသူများ၊ အတွေ့အကြုံရှိသူများ၊ လက်ရှိအတွေ့အကြုံခံစားနေရသူများ၏ အကြံပြုချက်များကို ရယူခြင်းအားဖြင့် ပိုမိုပြည့်စုံသော အချက်များရရှိနိုင်မည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာဥပဒေများကို ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ကိုယ်စားလှယ်ကြီးတင်ပြသောနည်းလမ်းဖြစ်သည့် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ အကြံဉာဏ်များရယူခြင်းကိုလည်း ကျင့်သုံးဆောင်ရွက်သင့်ပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး၏ အဆိုကို အတည်ပြုသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင်ဦးအေးမောင်၏အဆိုကို လွှတ်တော်ကသဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ထို့အတူ ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင်က **ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းသစ်တစ်ခုအား ဦးစားပေး ဖွင့်လှစ်ပေးပါရန်** အဆိုကိုတင်သွင်းရာ အဆိုနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက နှစ်နိုင်ငံနယ်စပ်ဂိတ်များတွင် ကုန်သွယ်လုပ်ငန်း၊ အကောက်ခွန်လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ လူဝင်/ထွက်ကြီးကြပ်လုပ်ငန်းစဉ်အပါအဝင် အခြေခံအဆောက်အအုံလိုအပ်ချက်များပြည့်စုံရန် လိုအပ်ခြင်းနှင့်ပတ်သက်၍ လတ်တလောပြည့်စုံမှုမရှိသေးသော်လည်း အဆောက်အအုံများ ဆောက်လုပ်ရန်မြေနေရာ အလုံအလောက်ရှိသည်ကို သိရှိရပါကြောင်း၊ ကယားပြည်နယ်သည် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် နီးကပ်စွာတည်ရှိလျက်ရှိပြီး နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ပါက ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုတိုးမြှင့်စေရေး၊ ဒေသဖွံ့ဖြိုးရေး၊ တရားမဝင်ကုန်သွယ်မှု လျှော့နည်းပပျောက်စေရေးတို့အတွက် ရည်ရွယ်ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းအသစ်များကို ဒေသလိုအပ်ချက်များနှင့်အညီ တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး မောတောင်ဒေသတွင် မြေပြင်လေ့လာရေးအဖွဲ့များ ဖွဲ့စည်းစေလွှတ်၍ မောတောင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့်အစီအစဉ်များကို လေ့လာခြင်းတို့ ပြုလုပ်လျက်ရှိပါကြောင်း၊ တွေ့ရှိချက်များအပေါ်မူတည်ပြီး နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၇ မှ

ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများအသုံးပြုနိုင်ရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဓာတ်ခွဲခန်းများမှ စစ်ဆေးပေးလျက် စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးများ ထုတ်လုပ်တင်သွင်းနိုင်ရန် စနစ်တကျကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ပိုလျှံဝန်ထမ်းများပြန်လည်ခန့်အပ်ရန် သို့မဟုတ် နစ်နာကြေးပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့၏ ၂၀-၁၂-၂၀၀၄ ရက်စွဲပါစာအမှတ်၊ စဖစ-၂ (၃၁၇၄/၂၀၀၄) ဖြင့် လက်ရှိဝန်ထမ်းအင်အားမှ လျှော့ချပေးရမည့် ဝန်ထမ်းအင်အားအမည်စာရင်း တောင်းခံလာမှုအပေါ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်း(၅)ခုမှ လျှော့ချမည့်ဝန်ထမ်းအင်အား (၅၄၃၈)ဦး၏ အမည်စာရင်းကို ပူးတွဲလျက် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါကြောင်း၊ ယင်းလွှဲပြောင်းပေးအပ်သည့် ဝန်ထမ်းများတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်း(၃၈၀၆)ဦး ပါဝင်ပါကြောင်း။

ယင်းဝန်ထမ်းများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်စေခဲ့ပြီး မိမိတို့ဒေသနှင့် နီးစပ်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့တွင် သတင်းပို့ တာဝန်ထမ်းဆောင်စေခဲ့ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းလိုအပ်သည့် အခြားဌာနများသို့ ကူးပြောင်းတာဝန်ထမ်းဆောင်လိုမှု၊ ပင်စင်ခံစားလိုမှု၊ နုတ်ထွက်လိုမှုတို့အပေါ်မူတည်၍ ယင်းဝန်ထမ်းများ၏ ဆန္ဒရယူ၍ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ယင်းသို့လွှဲပြောင်းရာတွင်ပါဝင်သွားပြီး အခြားဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ ပြန်လည်ဌာနကူးပြောင်းထမ်းဆောင်လိုပါက ဖွဲ့စည်းပုံအရ လစ်လပ်ပါက လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး အခြားဌာနများမှ နုတ်ထွက်သွားသူများ၊ အလုပ်မဝင်သူများအနေဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်လိုကြောင်း လျှောက်ထားမှုတွင် ဖွဲ့စည်းပုံအရ လစ်လပ်လာပါက အလုပ်သင်နေ့စား၊ နေ့စားများအဖြစ်ခန့်ထားခဲ့ပြီး အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားခွင့်ရရှိပါက အမြဲတမ်းဝန်ထမ်းသို့ သွတ်သွင်းခန့်ထားပေးလျက်ရှိပါကြောင်း။

ယနေ့အချိန်အထိ ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ရသည့် ဝန်ထမ်းများအနက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတွင် အမြဲတမ်းရာထူးဝန်ထမ်း (၂၂၁)ဦး၊ နေ့စားဝန်ထမ်း (၃၄)ဦး စုစုပေါင်း (၂၅၅)ဦးအား ပြန်လည်လက်ခံခန့်ထားပေးပြီးဖြစ်ပါကြောင်း။

လုပ်သက်အရ နစ်နာကြေးထုတ်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်ပတ်သက်၍ "၁၉၈၄ ခုနှစ် ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာ ကောက်နုတ်ချက်စာစောင်အခန်း(၁၄)၊ အပိုဒ်(၁၆၃)၊ အပိုဒ်ခွဲ (ဃ) (CSR 426)တွင် လျော်ကြေးပင်စင်နှင့်ပတ်သက်ပြီး အကြောင်းတစုံတရာကြောင့် ရာထူးကိုဖျက်သိမ်းသည့်အခါတွင် အငြိမ်းစားယူခြင်းကိုဆိုသည်" ဟု ဖော်ပြထားပါကြောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ယင်းဝန်ထမ်းများအား ရာထူးကိုဖျက်သိမ်းခြင်းမရှိဘဲ လက်ရှိရာထူးလစာဖြင့်ပင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၁-၂-၂၀၀၅ ရက်မှစ၍ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပါသဖြင့် လျော်ကြေးပင်စင်ပေးရန် ပြဋ္ဌာန်းချက်နှင့်ညီညွတ်မှု မရှိပါကြောင်း။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ယင်းလွှဲပြောင်းပေးခဲ့ရသည့် ဝန်ထမ်းများမှ ပြန်လည်ဌာနကူးပြောင်းလိုကြောင်း ဌာနကူးလမ်းစဉ်အရ လျှောက်ထားလာသူများနှင့် ဝန်ထမ်းအသစ်အဖြစ် ပြန်လည်ထမ်းဆောင်လိုကြောင်း လျှောက်ထားလာသူများအားလည်း ဖွဲ့စည်းပုံအရလစ်လပ်နေရာရှိပါက ဆက်လက်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က **၁၉၅၅ ခုနှစ် အစိုးရ အိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** ကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသည်။

ယင်းဥပဒေကြမ်းကို လွှတ်တော်၏သဘောတူညီချက်ရယူရာ သဘောတူညီသည့်အတွက် လွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းထားသည့် **"ဝိဇ္ဇာအထူးပြုဘာသာရပ်များကို အခြေခံပညာနှင့် အဆင့်မြင့်ပညာရေးတွင် ပိုမိုတိုးတက်သင်ကြားပေးရန်နှင့် ဝိဇ္ဇာဘွဲ့ရသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ

ယခု မယ်စဲ့၊ မယ်စဲနန်ဒေသကိုလည်း မိမိဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကယားပြည်နယ်အစိုးရနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လေ့လာရေးအဖွဲ့များစေလွှတ်၍ ဆောင်ရွက်နိုင်မည့်အစီအစဉ်များကို အသေးစိတ် ကွင်းဆင်းကြည့်ရှုလေ့လာပေးသွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဒေသအလိုက်ကွင်းဆင်းလေ့လာရေးအဖွဲ့များ၏ တွေ့ရှိချက်များအပေါ် စိစစ်သုံးသပ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြလမ်းညွှန်မှုခံယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အဆိုအဖြစ်ထောက်ခံပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးရဲထွဋ်တင်၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကသဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးခင်မောင်ဦးက **သွင်းကုန်ပို့ကုန်ဥပဒေကြမ်း**ကို တင်သွင်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးစိုးရယ်က ဖတ်ကြားရှင်းလင်းသည်။

ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ထပ်မံကြေညာမည်ဖြစ်ပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများအနေဖြင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏"အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ"ကို တိတိကျကျ ဖော်ပြ၍ မတ်လ ၁၀ ရက် နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီတွင်ရပ်နားပြီး အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို မတ်လ ၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ဦးဝင်းမောင်တို့က ဆွေးနွေးကြရာတွင် တက္ကသ
ကျောင်းသားကျောင်းသူများသည် သတ်မှတ်သည့်
ကျောင်းတက္ကသိုလ်တွင် မိမိဝါသနာပါရာဘာသာ
ကြောင်း၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်မျာ
ကဏ္ဍသည် အရေးပါအရာရောက်သကဲ့သို့ သိပ္ပံဘ
တို့နှင့် ဘွဲ့ရသူများ၏ အခန်းကဏ္ဍသည်လည်း အ
တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသက်
သိပ္ပံဘာသာရပ်၊ ဝိဇ္ဇာဘာသာရပ်အားလုံးသည်
ပြည်သူကို အကျိုးပြုနေသည်ဖြစ်သောကြောင့် တ
ပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌ
က ယခုအခါ မြန်မာနိုင်ငံ၏ ပညာရေးစနစ်သ
သော ကျောင်းသားဗဟိုပြုစနစ်ဖြင့် သင်ကြ
ကျောင်းသားကျောင်းသူများသည် တက္ကသိုလ်ဝင်
နှစ်သက်ရာ ဘာသာရပ်ကိုလျှောက်ထားခွင့်ရှိပြီ
လျှောက်ထားသောဘာသာရပ်ကို သင်ယူခွင့်ရရှိမ
ဝန်ကြီးဌာနအောက်ရှိ အဆင့်မြင့်ပညာရပ်ကို
တက္ကသိုလ်တိုင်းတွင် သိပ္ပံဘာသာရပ်နှင့်ဝိဇ္ဇာဘာ
အလိုက် သင်ကြားပို့ချပေးလျက်ရှိပါကြောင်း။

ဝိဇ္ဇာဘာသာတွဲဖြင့် တက္ကသိုလ်ဝင်တန်းအေ
တက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ နိုင်ငံခြ
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တို့ကိုလည်း
တက်ရောက်ပညာသင်ကြားခွင့်ရရှိပြီး သက်ဆ
အလိုက် ချီးမြှင့်သည့် ဝိဇ္ဇာဘာသာရပ်ဆိုင်ရာဘွဲ့
များအနေဖြင့် ရယူနိုင်ပါကြောင်း။

နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော
ရာ ပညာရေးတက္ကသိုလ်များတွင်လည်း ရမှတ်တန်
တွဲဖြင့် အောင်မြင်သူ ကျောင်းသားကျောင်းသူများ
ကြောင့် ပညာရေးဝန်ကြီးဌာန၏ ဦးစီးဦးဆောင်
ဝိဇ္ဇာဘာသာရပ်မှ ဆရာ၊ ဆရာမများ မွေးထုတ်
ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ တက္ကသိုလ်
ဆရာမများအနေဖြင့် အခြေခံပညာပိုင်းတွင်ပါ ဝိဇ္ဇ
သင်ကြားနိုင်သူ ဆရာ၊ ဆရာမများအဖြစ် မွေး
ဉ်နည်းဖြင့်ဝိဇ္ဇာဘွဲ့ရများကို အလုပ်အကိုင်အခွ
ပေးပြီးဖြစ်သဖြင့် အဆိုကို မှတ်တမ်းတင်သ
ဖြေကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆိုတင်သွင်း
မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက
မှတ်တမ်းတင်ထားသင့်ပါကြောင်းတင်ပြသဖြင့်
မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ကယားပြည်နယ် မဲဆန္ဒနယ်အမှ
ထားသည့် **"ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် က**
ကုန်သွယ်ရေးစခန်းသစ်တစ်ခုအား ဒေသအတွင်း
တစ်ပြိုင်တည်း ဆောလျင်စွာ ဦးစားပေးဖွင့်လှစ်
အားတိုက်တွန်းကြောင်း" အဆိုကို ရှမ်းပြည်န
ဦးနေဝင်းထွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်
မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦ
မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်၊ ကယားပြည်န
ဦးလှမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁
မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဇော်နိုင်ဦး၊ ရခိုင်ပြည်
ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦးနှင့် ရန်ကုန်
အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်တို့က ထိုင်းနိုင်ငံ
လျက်ရှိသော ကယားပြည်နယ်တွင် နယ်စပ်က
ဆောင်ရွက်ပေးမှုမရှိသေးပါကြောင်း၊ ကယား
ဆက်သွယ်ရေးကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသေ
နိုင်ငံတော်မှ ဒီမိုကရေစီစနစ်ဖြင့် ဈေးကွက်စီးပွ
ကျင့်သုံးလျက်ရှိရာတွင် ပြည်သူများမျက်စိဖွင့် နာ
များ ရင်းနှီးမြှုပ်နှံထူထောင်လုပ်ကိုင်လာနိုင်ရေး
အားပေးနေချိန်တွင် ကယားပြည်နယ်၏ စီးပွား
အတွက်လည်းကောင်း၊ ရေခံမြေခံကောင်း၍ ကေ
သော မြေပေါ်မြေအောက်သယံဇာတပေါကြွယ်
ပြည်သူလူထုက နိုင်ငံတကာနှင့်ယှဉ်တွဲ၍ ရ
စီးပွားဖြစ်ထွန်း၍ ဘက်စုံတိုးတက်ပြီး နိုင်ငံတော်
အကျိုးများစွာရရှိသည့်အတွက်လည်းကောင်း၊
နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်သင့်သည့် မယ်စဲ့
ရေးစခန်းဖွင့်လှစ်ရန် လိုအပ်သောအခြေခံအချ
သေးမီက ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့်
ငြိမ်းချမ်းရေးသဘောတူညီချက်လက်မှတ်ရေးထို
ကောင်းမွန်နေပြီဖြစ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေ
လာနိုင်သည့် လမ်းအဆင့်ရှိနေပြီဖြစ်ခြင်း၊ အခြာ
များနှင့်လည်းချိတ်ဆက်၍ ကုန်သွယ်မှုပြုလုပ်နိုင်
လည်းဖြစ်ခြင်း၊ တစ်ဖက်နိုင်ငံမှလည်း နယ်စပ
ပေးရန် လိုလားစွာဖြင့် တောင်းဆိုမှုများရှိနေခြင်း
တွင် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖွင့်လှစ်
ကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူ
ဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ကယားပ
ရေး စခန်းသစ်ဖွင့်လှစ်ရန် လိုအပ်ချက်များနှင့်ပ
အစိုးရအဖွဲ့နှင့် ညှိနှိုင်းချက်အရ နှစ်ဖက်နိုင်ငံဒေ
အနေနှင့်ပတ်သက်၍ လက်ရှိကာလတွင် လုံခြုံ
ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများ စတ
ငြိမ်းချမ်းရေးဆွေးနွေးမှုပြီးစီးပါက ဒေသတွင်းလုံခြုံ
ကြောင်း။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြ
စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်မှုမူဝါဒများကို
ဖော်ဆောင်ရွက်ရန်၊ ပြည်ပပို့ကုန်မြှင့်တင်နိုင်

ဦးဝင်းမောင်တို့က ဆွေးနွေးကြရာတွင် တက္ကသိုလ်ဝင်တန်းအောင်ကြသည့် ကျောင်းသားကျောင်းသူများသည် သတ်မှတ်သည့်အမှတ်မီရာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တွင် မိမိဝါသနာပါရာဘာသာရပ်ကို ရွေးချယ်သင်ယူကြပါကြောင်း၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များမှ ဘွဲ့ရသူများ၏ အခန်းကဏ္ဍသည် အရေးပါအရာရောက်သကဲ့သို့ သိပ္ပံဘာသာရပ်၊ ဝိဇ္ဇာဘာသာရပ်တို့နှင့် ဘွဲ့ရသူများ၏ အခန်းကဏ္ဍသည်လည်း အရေးပါအရာရောက်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းဘာသာရပ်၊ သိပ္ပံဘာသာရပ်၊ ဝိဇ္ဇာဘာသာရပ်အားလုံးသည် သူ့အဆင့်နှင့်သူ နိုင်ငံနှင့်ပြည်သူကို အကျိုးပြုနေသည်ဖြစ်သောကြောင့် တန်းတူရည်တူ အလေးပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ယခုအခါ မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် နိုင်ငံတကာကျင့်သုံးနေသော ကျောင်းသားဗဟိုပြုစနစ်ဖြင့် သင်ကြားပေးရန် စီစဉ်လျက်ရှိရာ ကျောင်းသားကျောင်းသူများသည် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးပါက မိမိနှစ်သက်ရာ ဘာသာရပ်ကိုလျှောက်ထားခွင့်ရှိပြီး သတ်မှတ်အမှတ်မီပါက လျှောက်ထားသောဘာသာရပ်ကို သင်ယူခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ အဆင့်မြင့်ပညာရပ်ကို သင်ကြားပို့ချလျက်ရှိသော တက္ကသိုလ်တိုင်းတွင် သိပ္ပံဘာသာရပ်နှင့်ဝိဇ္ဇာဘာသာရပ်များကို အထူးပြုများအလိုက် သင်ကြားပို့ချပေးလျက်ရှိပါကြောင်း။

ဝိဇ္ဇာဘာသာတွဲဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများသည် စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ နိုင်ငံခြားဘာသာတက္ကသိုလ်များနှင့် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တို့ကိုလည်း သတ်မှတ်အမှတ်ပြည့်မီပါက တက်ရောက်ပညာသင်ကြားခွင့်ရရှိပြီး သက်ဆိုင်ရာဘာသာရပ်တက္ကသိုလ်အလိုက် ချီးမြှင့်သည့် ဝိဇ္ဇာဘာသာရပ်ဆိုင်ရာဘွဲ့များကိုလည်း အောင်မြင်သူများအနေဖြင့် ရယူနိုင်ပါကြောင်း။

နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော ဆရာ၊ ဆရာမများ မွေးထုတ်ရာ ပညာရေးတက္ကသိုလ်များတွင်လည်း ရမှတ်တန်းစီခေါ်ယူလျှင် သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ကျောင်းသားကျောင်းသူများသာ အများစုဝင်ရောက်သောကြောင့် ပညာရေးဝန်ကြီးဌာန၏ ဦးစီးဦးဆောင်ပြုမှုဖြင့် အချိုးသတ်မှတ်ပြီး ဝိဇ္ဇာဘာသာရပ်မှ ဆရာ၊ ဆရာမများ မွေးထုတ်ရေးကိုလည်း အချိုးမျှတစွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ တက္ကသိုလ်များမှမွေးထုတ်သော ဆရာ၊ ဆရာမများအနေဖြင့် အခြေခံပညာပိုင်းတွင်ပါ ဝိဇ္ဇာဘာသာရပ်များကို အထူးပြုသင်ကြားနိုင်သူ ဆရာ၊ ဆရာမများအဖြစ် မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ဤနည်းဖြင့်ဝိဇ္ဇာဘွဲ့ရများကို အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးပြီးဖြစ်သဖြင့် အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆိုတင်သွင်းသူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက အဆိုကို လွှတ်တော်တွင် မှတ်တမ်းတင်ထားသင့်ပါကြောင်းတင်ပြသဖြင့် ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ်တင်သွင်းထားသည့် **"ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းသစ်တစ်ခုအား ဒေသအတွင်း လုံခြုံငြိမ်းချမ်းမှုရရှိသည်နှင့် တစ်ပြိုင်တည်း ဆောလျင်စွာ ဦးစားပေးဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုကို ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၉)မှ ဦးနေဝင်းထွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးငွေမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဇော်နိုင်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်တို့က ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ပေးမှုမရှိသေးပါကြောင်း၊ ကယားပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသော ပြည်နယ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ဒီမိုကရေစီစနစ်ဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ကျင့်သုံးလျက်ရှိရာတွင် ပြည်သူများမျက်စိဖွင့် နားစွင့်ကာ စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံထူထောင်လုပ်ကိုင်လာနိုင်ရေးကို နိုင်ငံတော်မှတိုက်တွန်းအားပေးနေချိန်တွင် ကယားပြည်နယ်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ရေခံမြေခံကောင်း၍ ကောက်ပဲသီးနှံအထွက်ကောင်းသော မြေပေါ်မြေအောက်သယံဇာတပေါကြွယ်ဝသော ကယားပြည်နယ်ပြည်သူလူထုက နိုင်ငံတကာနှင့်ယှဉ်တွဲ၍ ရင်ပေါင်တန်းနိုင်ပြီး အကျိုးစီးပွားဖြစ်ထွန်း၍ ဘက်စုံတိုးတက်ပြီး နိုင်ငံတော်အခွန်ဘဏ္ဍာတိုးတက်ရရှိ၍ အကျိုးများစွာရရှိသည့်အတွက်လည်းကောင်း၊ ကယားပြည်နယ်အတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်သင့်သည့် မယ်စဲ့မြို့နယ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ရန် လိုအပ်သောအခြေခံအချက်များပြည့်စုံမှုရှိခြင်း၊ မကြာသေးမီက ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့်လည်း အပစ်အခတ်ရပ်စဲရေးငြိမ်းချမ်းရေးသဘောတူညီချက်လက်မှတ်ရေးထိုးပြီးဖြစ်သဖြင့် လုံခြုံရေးကောင်းမွန်နေပြီဖြစ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးမှာလည်း ရာသီမရွေးသွားလာနိုင်သည့် လမ်းအဆင့်ရှိနေပြီဖြစ်ခြင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များနှင့်လည်းချိတ်ဆက်၍ ကုန်သွယ်မှုပြုလုပ်နိုင်သည့် အချက်အချာပြည်နယ်လည်းဖြစ်ခြင်း၊ တစ်ဖက်နိုင်ငံမှလည်း နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ပေးရန် လိုလားစွာဖြင့် တောင်းဆိုမှုများရှိနေခြင်းတို့ကြောင့် ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖွင့်လှစ်ပေးပါရန် ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေး စခန်းသစ်ဖွင့်လှစ်ရန် လိုအပ်ချက်များနှင့်ပတ်သက်၍ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းချက်အရ နှစ်ဖက်နိုင်ငံဒေသအတွင်း လုံခြုံရေးအခြေအနေနှင့်ပတ်သက်၍ လက်ရှိကာလတွင် လုံခြုံစိတ်ချမှုမရှိသေးသော်လည်း ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုပြီးစီးပါက ဒေသတွင်းလုံခြုံမှုကောင်းမွန်လာမည် ဖြစ်ပါကြောင်း။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်မှုမူဝါဒများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြည်ပပို့ကုန်မြှင့်တင်နိုင်ရေးအတွက် ပြည်တွင်းမှ ထုတ်လုပ်သော ပို့ကုန်အမျိုးမျိုး တိုးမြှင့်တင်ပို့ရန်၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီရန်ဆိုသည့် ကုန်သွယ်ရေးရည်မှန်းချက်(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်ရာတွင် ကုန်သွယ်မှုတိုးမြှင့်စေရေး၊ ဒေသဖွံ့ဖြိုးရေး၊ တရားမဝင်ကုန်သွယ်မှုလျော့နည်းပပျောက်စေရေးတို့အတွက် ရည်ရွယ်ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းအသစ်များကို ဒေသလိုအပ်ချက်များနှင့်အညီ တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မယ်စဲ့၊ မယ်စဲနန်ဒေသကိုလည်း မိမိဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကယားပြည်နယ်အစိုးရနှင့် ပေါင်းစပ်ညှိနှိုင်းပြီးလေ့လာရေးအဖွဲ့များစေလွှတ်၍ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်နိုင်ရေး လိုအပ်ချက်များကို အသေးစိတ်ကွင်းဆင်းကြည့်ရှုလေ့လာသွားမည်ဖြစ်ပြီး ကွင်းဆင်းလေ့လာရေးအဖွဲ့များ၏ တွေ့ရှိချက်များအပေါ် စိစစ်သုံးသပ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က သဘောတူညီသည့်အတွက် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၏ **"လယ်ယာစိုက်ပျိုးသီးနှံ ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆည်ရေများထိရောက်စွာ ထုတ်လွှတ်ပေးဝေရယူရေးအတွက် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်၏သဘောတူညီချက်ရယူရာ သဘောတူညီသည့်အတွက် လွှတ်တော်ကလက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

အဆိုကို ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ညနေ ၃ နာရီခွဲတွင်ရပ်နားလိုက်ပြီး အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို မတ် ၉ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတွင် မေးခွန်း(၅)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်း၊ အဆို(၁)ခုဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ အဆို(၁)ခုအားဆွေးနွေးခြင်း၊ အတည်ပြုခြင်းနှင့် အဆိုသစ်(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

ငှက်ဖျားရောဂါနှင့် အဆုတ်ရောဂါများ ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းသည် အမျိုးသမီးများဝင်ငွေတိုးရေးလုပ်ငန်းများ ချမှတ်ဆောင်ရွက်ခြင်း၊ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးခြင်း၊ စီးပွားရေးစွမ်းဆောင်မှုနှင့် အုပ်ချုပ်ရေးကျွမ်းကျင်မှုတိုးတက်စေရန် လေ့ကျင့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အခြားအစိုးရမဟုတ်သော အမျိုးသမီးဆိုင်ရာ အဖွဲ့အစည်းများကလည်း မြန်မာအမျိုးသမီးများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးရေးကိစ္စအဝဝကို ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ယခုကဲ့သို့ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း၊

နိုင်ငံတကာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၁၉၉၇ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (The UN Convention on the Elimination of All Forms of Discrimination against Women-CEDAW) တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ထို့အပြင် ဒေသတွင်းရှိ အာဆီယံအမျိုးသမီးရေးရာကော်မတီ၊ အာဆီယံအမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်တို့တွင်လည်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ်ပါဝင်လျက်ရှိကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၏လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပေကျင်းရှေ့လုပ်ငန်းစဉ် (၁၂)ရပ်နှင့် ထောင်စုနှစ်ရည်မှန်းချက်များ သတ်မှတ်စံနှုန်းအတိုင်းပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၂၀)တွင် အမျိုးသမီးများသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံနိုင်ခွင့်ရှိကြောင်း၊ ပုဒ်မ(၃၄၈)တွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ ရာထူးအဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြုပြီး ခွဲခြားမှုမရှိစေရဟု ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံတော်က အမျိုးသမီးများအား ဖွဲ့စည်းပုံအခြေခံဥပဒေများအရ အကာအကွယ်ပေးထားပြီးဖြစ်ကာ အမျိုးသမီးများကဏ္ဍ ဆောင်ရွက်လျက်ရှိကြသည့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုကြောင်း။

နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စီမံခန့်ခွဲရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးတို့တွင်လည်း အမျိုးသမီးထုအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောက်ခြေအဆင့်ထိ ထိထိရောက်ရောက်ပါဝင်လှုပ်ရှားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးများ၏ လူနေမှုဘဝအထိုက်အလျောက် မြင့်တက်လာနိုင်ရန်နှင့် ဆင်းရဲမှုလျော့နည်းစေရန် အသေးစားချေးငွေ လုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပြီး ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ပြီးပြည့်စုံသည့် ဖွံ့ဖြိုးတိုးတက်မှုတွင် အမျိုးသား၊ အမျိုးသမီးတန်းတူညီမျှမှုရှိစေရေးနှင့် အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုသည် အဓိကကျသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိသားစု၊ ရပ်ရွာနှင့် လူ့အဖွဲ့အစည်းအတွင်း၌ အမျိုးသမီးထု၏ စွမ်းအားကို အပြည့်အဝအသုံးချနိုင်ရန် မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များချမှတ်ရာ၌ အမျိုးသမီးငယ်ရွယ်များအပါအဝင် အမျိုးသမီးများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ အာဟာရဓာတ် ပြည့်ဝမှု၊ ပညာရေးတရားမျှတမှုနှင့်စီးပွားရေးအရင်းအမြစ်များ ရရှိမှုတို့အပြင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ၊ အလွဲသုံးခေါင်းပုံဖြတ်မှုများ ပပျောက်ရေးတို့ကို အလေးပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာ၌ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကပါ ပါဝင်ပူးပေါင်း ဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုပါကြောင်း။

ထို့အပြင် အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မြှင့်တင်ရာတွင် ပညာရေးအဆင့်အတန်းမြင့်မားမှု၊ သတင်းအချက်အလက်နှင့် နည်းပညာအခွင့်အလမ်းများရရှိနိုင်မှုသည် အရေးပါသည့် နည်းလမ်းတစ်ခုဖြစ်ပါကြောင်း၊ ဤအခွင့်အလမ်းများရရှိရန် အခြေခံအချက်ဖြစ်သည့် စာတတ်မြောက်မှုနှင့် အရည်အသွေးပြည့်မီသော အခြေခံပညာသင်ယူခွင့်ရရှိရေးတို့ကို ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ကြိုးပမ်းအားထုတ်

မြန်မာ အမျိုးသမီးများသည် ဝီရိယရှိမှု၊ ရိုးသားမှု၊ ကြံ့ခိုင်သည်းခံမှုရှိမှုနှင့် ဉာဏ်ပညာထက်မြက်မှုစသည့် ကောင်းမွန်သော အရည်အချင်းများ ရှိထားကြသည့်အပြင် မိသားစုတစ်ခုလုံး၏မဏ္ဍိုင်လည်း ဖြစ်ကြပါကြောင်း၊ ရိုးရာအစဉ်အလာဖြစ်သည့် "မောင်တစ်ထမ်း မယ်တစ်ရွက်" ဆိုသည့်အတိုင်း အမျိုးသားများနှင့်တန်းတူရည်တူ အခွင့်အရေးရရှိထားကြသည့် မြန်မာအမျိုးသမီးထုအနေဖြင့် မိမိတို့၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို သက်ဆိုင်ရာအဖွဲ့အစည်းနှင့်ပူးပေါင်းပြီး တစ်ခဲနက်ပါဝင်ဆောင်ရွက်ခြင်းဖြင့် လူ့ဘောင်ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သူများဖြစ်အောင် ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ် Mr. Ashok Nigam က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကိုဖတ်ကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က အဖွဲ့ချုပ်၏ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးပြီး သီရိရတနာခန်းမ၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ လှုပ်ရှားမှုအဖြစ်ပြသထားသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)တို့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့်အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဆောင်ပုဒ်မှာ "အမျိုးသမီးငယ်များ ချိတ်ဆက်ထား၊ အနာဂတ်အတွက်အား"(Connecting Girls, Inspiring Futures) ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် Double Strong Championship ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ရန်ကုန်-မန္တလေး-မော်လမြိုင် မြို့များ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့၌ ဧပြီ ၂၅ ရက်မှ ၂၉ ရက်အထိ လည်းကောင်း၊ မန္တလေးမြို့တွင် မေ ၂၃ ရက်မှ ၂၇ရက်အထိနှင့် မော်လမြိုင်မြို့တွင် ဇူလိုင် ၉ ရက်မှ ၁၅ ရက်အထိလည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန်-မန္တလေးနှင့် မော်လမြိုင်မြို့များတွင် ပထမအဆင့်ခြေစစ်ပွဲများ ယှဉ်ပြိုင်ကာ ပထမ၊ ဒုတိယ၊ တတိယရရှိကြသော အသင်းများကို မော်လမြိုင်မြို့တွင် တစ်ဆက်တည်း အပြီးသတ်ကျင်းပယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အမျိုးသားများအတွက် လက်ရွေးစင် တစ်ဦးသာ ပါဝင်ခွင့်ရှိသည်။ ပြိုင်ပွဲတွင် အလွတ်တန်းနှင့် မျိုးဆက်သစ်လူငယ်များအတွက် လူသစ်တန်း၊ အတန်းနှစ်တန်း ခွဲခြားကျင်းပသွားမည်ဖြစ်ရာ ပထမအဆင့်ခြေစစ်ပွဲအောင် အနိုင်ရရှိသော အသင်းများအား ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆုငွေကျပ်နှစ်သိန်းနှင့် တတိယဆု ငွေကျပ် တစ်သိန်းတို့အားလည်းကောင်း၊ အမျိုးသားအလွတ်တန်း/ လူသစ်တန်းအသင်းများနှင့် အမျိုးသမီးအလွတ်တန်းပြိုင်ပွဲအတန်းသုံးတန်းမှ ပထမအဆင့် ခြေစစ်ပွဲအောင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အသင်းများသည် မော်လမြိုင်မြို့၌ ဒုတိယအဆင့်အပြီးသတ်ပြိုင်ပွဲများ တစ်ဆက်တည်း ကျင်းပသွားမည်ဖြစ်ရာ ဆုကြေးငွေများအဖြစ် အမျိုးသားအလွတ်တန်းအတွက် ပထမ ငွေကျပ်ငါးသိန်း၊ ဒုတိယ ငွေကျပ်လေးသိန်း၊ တတိယ ငွေကျပ် သုံးသိန်းကို လည်းကောင်း၊ အမျိုးသား လူသစ်တန်းအတွက် ပထမ ငွေကျပ်လေးသိန်း၊ ဒုတိယ ငွေကျပ်သုံးသိန်း၊ တတိယငွေကျပ်နှစ်သိန်းနှင့် အမျိုးသမီးအလွတ်တန်းအတွက် ပထမ ငွေကျပ်သုံးသိန်း၊ ဒုတိယ ငွေကျပ်နှစ်သိန်း၊ တတိယငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ် ၆၃ သိန်းတို့အား MYANMAR BREWERY LTD မှ ချီးမြှင့်သွားမည်ဖြစ်သည်

ဇင်းပြိုင်ပွဲကြီးမှ အလားအလာရှိသော ပိုက်ကျော်ခြင်းအားကစားသမားများအား ပဏာမနိုင်ငံလက်ရွေးစင်အဖြစ် စိစစ်ရွေးချယ်ကာ ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၅၇၇၄၆၀၊ ဦးကျော်ဇင်မိုး (အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၂၈၉၈၅ နှင့် နည်းပြ ဦးသန်းလွင် ဖုန်း-၀၉-၄၉၅၇၂၃၇၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ အရှည်ပေ ၉၃၀၊ အကျယ် ၁၂ ပေရှိ လျှပ်စစ်ရုံးလမ်း(ကတ္တရာလမ်းသစ်) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပရာ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်စန်းနှင့် အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောက်မဲခရိုင် နမ္မတူမြို့နယ် ပန်လုံကျေးရွာ၌ မိုးပွင့်အဆင့်(၂) စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ပန်လုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးသန်းထွဋ်လွင်က နိုင်ငံသားအရည်အချင်းပြည့်မီသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (၂၁၁)ကတ်ကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခမ်းခေါင်ထံ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အဆင့်မြင့်ပညာကဏ္ဍနှင့် သိပ္ပံနှင့် နည်းပညာကဏ္ဍ မြှင့်တင်ဆောင်ရွက်ပေးနိုင်မှုအခြေအနေ

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဒေသခံတိုင်းရင်းသား လူငယ်များအတွက် ယခုအခါ လားရှိုးမြို့တွင် ကွန်ပျူတာ တက္ကသိုလ်(လားရှိုး)ကို တည်ထောင်ဖွင့်လှစ်ပေးနိုင်သဖြင့် ကျောင်းသားလူငယ်များ မိမိတို့ဒေသတွင်းမှာပင် အဆင့်မြင့် ကွန်ပျူတာပညာရပ်များကို လက်လှမ်းတမီ ဆည်းပူးခွင့်ရ နေပြီဖြစ်သည်။

အလားတူ လားရှိုးတက္ကသိုလ်တွင် ဒေသခံတိုင်းရင်းသား လူငယ်များ အဆင့်မြင့်ပညာများကို အိုးမကွာ အိမ်မကွာ သင်ယူလျက်ရှိသည်။

လားရှိုးမြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော ကွန်ပျူတာတက္ကသိုလ်(လားရှိုး)၏ ညအလှ(ဝဲပုံ)နှင့် နည်းပညာတက္ကသိုလ် ပင်မသုံးထပ်စာသင်ဆောင်ကြီး (အောက်ဆုံးပုံ)။

- ✳ ရှမ်းပြည်နယ်သည် ကျယ်ဝန်းသော ပြည်နယ်တစ်ခုဖြစ်သည်။ ပြည်နယ်၏ အကျယ်အဝန်းအရ ဖွံ့ဖြိုးတိုးတက်မှု ကွက်လပ်မကျန်စေရေးအတွက် နိုင်ငံတော်က တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံနှင့် ပင်လုံဟူ၍ ဖွံ့ဖြိုးရေးဒေသ ကြီးလေးခု သတ်မှတ်ဖော်ဆောင်ပေးလျက်ရှိရာ အဆိုပါဒေသများတွင် တက္ကသိုလ်တစ်ခုစီ၊ နည်းပညာတက္ကသိုလ်တစ်ခုစီ၊ ကွန်ပျူတာတက္ကသိုလ် တစ်ခုစီ ထူထောင်ပေးခဲ့သည်။
- ✳ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လားရှိုးမြို့ပါဝင်ပြီး ထိုဒေသတွင် ကွန်ပျူတာ၊ နည်းပညာနှင့် ဝိဇ္ဇာ သိပ္ပံကျောင်း တစ်ကျောင်းစီ တည်ဆောက် ဖွင့်လှစ်ပေးထားသဖြင့် အသိပညာ၊ အတတ်ပညာ တတ်မြောက်သော လူ့စွမ်းအားအရင်းအမြစ်များ ပြည်နယ်အတွင်း တိုးပွားလာသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့ရေး လပွတ္တာမြို့နယ်၌ အလုပ်ရုံဆွေးနွေး

လပွတ္တာ မတ် ၈

လပွတ္တာခရိုင် လပွတ္တာမြို့နယ် ရွှေနဒီခန်းမ၌ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့ရေးနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဒီရေတောများထိန်းသိမ်းရေးနှင့် သစ်ပင်စိုက်ပျိုးရေးကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မာစီကော့စ်အဖွဲ့မှ စီမံကိန်းမန်နေဂျာ ဒေါ်မြစံပယ်ညွန့်က ထင်းကုန်သက်သာရန် စွမ်းအားမြင့် မီးဖိုသုံးစွဲရေး၊ မီးဖိုများ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရေးကိစ္စများကို ရှင်းလင်းပြောကြားသည်။

လပွတ္တာမြို့နယ် သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့ရေးနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည် ရှင်းလင်းပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာရှင် ဦးဝင်းမျိုးသူက သဘာဝပတ်ဝန်းကျင်ပျက်စီးအောင် သစ်ပင်များအလွန်အကျွံခုတ်လှဲ သုံးစွဲခြင်းဖြင့် သဘာဝအရင်းအမြစ်ထိခိုက်ကာ ရာသီဥတုပြောင်းလဲလာမှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီး ကာဗွန်လျှော့ချရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဆွေးနွေးရှင်းလင်းရာ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ၄၀×၄၁၊ ၆၇×၆၈ လမ်းကြား၊ ကံ့ကော်လမ်း၊ အမှတ်(ဓ-၁/၇၀-ခ)တွင် ပါတီရုံးချုပ်တည်ရှိသော **တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ** (T.N.D.P)က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၈-၃-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P) ၏ အလံပုံစံ

တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P) ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

မော်လမြိုင်ကျွန်း မတ် ၈

မော်လမြိုင်ကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို မတ် ၂ရက် ညနေ ၃နာရီခွဲက မော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဘောလုံးအားကစားကွင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်က အမှာစကားပြောကြားပြီးနောက် ကွင်းဖွင့်ပေးလိုက်သည်။ **(ယာပုံ)**

ကွင်းဖွင့်ဘောလုံးပြိုင်ပွဲအဖြစ် လှိုင်းဘုန်းကျေးရွာ ဘောလုံးအသင်းနှင့် ကျိုက်ပိကျေးရွာ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လှိုင်းဘုန်းကျေးရွာ ဘောလုံးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရှိရသည်။ **(ဝဇ၅)**

ထူးဆန်းသောမီးလုံးကြီး ဗြိတိန်နိုင်ငံပေါ် ဖြတ်သန်း

မောင်မောင်မြင့်ဆွေ – ရေးသားသည်

*ဗြိတိန်နိုင်ငံ ဝေဟင်ပေါ်မှ အလွန်ကြီးမားပြီး နီရဲနေသောမီးလုံးကြီးတစ်လုံး **(အောက်ပုံ)**ဖြတ်သန်းသွားသည်ဟု မျက်မြင်တွေ့ရှိသူများက ဖုန်းဖြင့်သတင်းပေးပို့မှုကို မိမိတို့လက်ခံရရှိခဲ့ကြောင်း၊ ယင်းမီးလုံးကြီးမှာ ဥက္ကာပျံတစ်ခုဖြစ်နိုင်သည်ဟု ယူဆရကြောင်း လန်ဒန်ရဲတပ်ဖွဲ့က မတ် ၈ ရက်၌ ပြောကြားသည်။*

စိုးရိမ်ပူပန်

အဆိုပါမီးလုံးကြီးမှာ စကော့တလန်မြောက်ပိုင်းမှ ဗြိတိန်နိုင်ငံတောင်ပိုင်းသို့ ဝေဟင်မှဖြတ်သန်းသွားခြင်းဖြစ်ပြီး ထိုသို့ဖြတ်သန်းချိန်မှာ မတ် ၇ ရက်ည ဂရင်းနစ်စံတော်ချိန် ၂၁ နာရီ မိနစ် ၄၀ ခန့်ကဖြစ်ကြောင်း၊ ထိုအချိန်တွင် ဝေဟင်၌ ပျံသန်းနေသော လေယာဉ်တစ်စင်းစင်းဖြင့် တိုက်မိရန် စိုးရိမ်ပူပန်ခဲ့ရကြောင်း သတင်းပေးပို့ချက်၌ ဖော်ပြထားသည်။

သို့သော် အဆိုပါ နီရဲနေသော ဥက္ကာပျံသည် မည်သည့်လေယာဉ်နှင့်မျှ ထိခိုက်မှု မရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ ၎င်းမီးလုံးကြီးမှာ နီရဲနေသော ဘောလုံးကြီးတစ်လုံးနှင့်တူကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အဆိုပါ နီရဲနေသော ဥက္ကာပျံကြီးကို ဗြိတိန်နိုင်ငံ နော့သမ်ဘာလန်မြို့ရှိ ဒေသခံ ရာပေါင်းများစွာတို့က မြင်တွေ့ခဲ့ကြသည်။ နော့သမ်ဘာလန်မြို့ရှိ ခီလ်ဒါ အာကာသသုတေသနစခန်းမှ ဒါရိုက်တာဂါရေးဖီးလ်ဒက်စ်နှင့် အဖွဲ့ကလည်း



မိမိတို့အတွက် အလွန်ဆန်းကြယ်ပြီး အံ့အားသင့်စရာကောင်းသော မြင်ကွင်းတစ်ခုပင်ဖြစ်ကြောင်း ၎င်းတို့၏ခံစားချက်ကို ပြောကြားသည်။

အာကာသသုတေသနပညာရှင်ဖြစ်ပြီး နှစ်ပေါင်း ၃၀ ခန့် အာကာသရေးရာ အတွေ့အကြုံရှိသူလည်းဖြစ်သည့် မစ္စတာဖီးလ်ဒက်စ်က အာကာသရှိ ဂြိုဟ်တစ်ခုမှ ပေါက်ကွဲလွင့်စဉ်ထွက်လာသော ဥက္ကာခဲအပိုင်းအစတစ်ခု ကမ္ဘာ့လေထုအတွင်း ဝင်ရောက်လာခြင်းဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

၎င်းဥက္ကာပျံ သို့မဟုတ် မီးလုံးကြီးမှာ အင်္ဂလိပ်ရေလက်ကြား သို့မဟုတ် ဘစ်ကေးပင်လယ်အော်အတွင်း ကျရောက်ဖွယ်ရှိကြောင်း မစ္စတာဖီးလ်ဒက်စ်က ပြောကြားခဲ့သည်။ ***(အင်တာနက်)***

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့် မြေပုံရေးဆွဲရေးသင်တန်း ကျိုင်းတုံ၌ဖွင့်

ကျိုင်းတုံ မတ် ၈

လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့် ပြည်တွင်းပြောင်းရွှေ့သွားလာမှု စစ်တမ်းကောက်ယူရေးလုပ်ငန်းအတွက် မြေပုံငါးမျိုးရေးဆွဲရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၂)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ဦးစီးဌာနမှူးရုံး ကျိုင်းတုံမြို့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဦးစီးဌာနမှူး ဦးခင်စိုးက ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ ၇ ရက်အထိ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေး အကြိုလုပ်ငန်းစဉ်အဖြစ် မြေပုံငါးမျိုး ရေးဆွဲရေးသင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောင်းဆောင်သစ်ဆောက်ရန် ရမည်းသင်းမြို့နယ်၌ အလှူငွေပေးအပ်

ရမည်းသင်း မတ် ၈

ရမည်းသင်းမြို့နယ် ဘွက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၇ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ကျေးရွာရပ်မိရပ်ဖများမှ တိုင်အလုံး၂၀အတွက် တန်ဖိုးငွေကျပ်သုံးသိန်းလေးသောင်း၊ သွပ် ၇၂ချပ်အတွက်တန်ဖိုးငွေကျပ် နှစ်သိန်းရှစ်သောင်းရှစ်ထောင်နှင့် ဦးပေါ်ဒင်-ဒေါ်အုန်းခင် (ဘွက်ကျေးရွာ)က အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးဒေါ်မာမာအေးကလက်ခံယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၄၀၆)

မြန်မာ့အလင်း
စာတည်းထံပေးစာများ

သားသတ်လုပ်ငန်းမှ ဆူညံသံနှင့် အနံ့ဆိုးများမခံနိုင်

စာတည်းခင်ဗျား–

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ ဘုရားလမ်းရှိ သားသတ်လုပ်ငန်းမှ ဝက်အော်သံနှင့် ဝက်ချေးနံ့တို့ကို ပတ်ဝန်းကျင်ရှိနေအိမ်များ နေ့စဉ် ရှူရှိုက်ခံစားနေရသည့်အတွက် ကျန်းမာရေး ထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

ပလတ်စတစ်အိတ်လုပ်ငန်းကြောင့် မီးဘေးစိုးရိမ်

စာတည်းခင်ဗျား–

ရွှေပြည်သာမြို့နယ် ကျောင်းကုန်း(န)ရပ်ကွက် ဝေဠုဝန်လမ်းမနှင့်သူရိန်လမ်းထောင့်ထိပ်ရှိ အိမ်တစ်အိမ်တွင် ပလတ်စတစ်အိတ်လုပ်ငန်းကို မီးလောင်လွယ်သည့် အမှိုက်များဖြင့် ပြုလုပ်နေရာ ဓာတ်ငွေ့ဆိုင်နှင့် နီးကပ်စွာရှိနေပါသဖြင့် ရပ်ကွက်နေပြည်သူများ မီးဘေးအန္တရာယ်စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူများ

ကျူးကျော်တဲများ ဖယ်ရှားပေးစေလို

စာတည်းရှင့်–

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက်အတွင်းရှိ ဂျိုးဖြူလမ်းမပေါ်တွင် ကျူးကျော်ဆိုင်ခန်းနှင့် လူနေကျူးကျော်တဲများမှာ အမှိုက်များကို စနစ်တကျ မစွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် အဆိုပါကျူးကျော်တဲများကို ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဂျိုးဖြူလမ်းသူ

မီးမလောင်ခင်သတိယှဉ် ကြိုတင်ကာကွယ်ပါ

ဒေသခံပြည်သူများသို့ ထင်းများအခမဲ့ဝေငှ

ဇလွန် မတ် ၈

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် သစ်တောဦးစီးဌာနမှ ဇလွန်မြို့နယ် ဓနုဘေးကျေးရွာတွင် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက ဒေသခံပြည်သူများအား ထင်းအခမဲ့ဝေငှပေးသည့် အခမ်းအနားကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမောင်၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်း(၅)၊ ဟင်္သာတခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းထွန်းနှင့် ဇလွန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းတို့က ထင်းများ အခမဲ့ဝေငှခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(ယာပုံ)** ထို့နောက် ရန်ကုန်-ဟင်္သာတလမ်းဘေးရှိ သစ်ပင်များမှ ထွက်ရှိသော ထင်းများကို ဓနုဘေးကျေးရွာရှိ အိမ်ထောင်စု ၅၂ စုအား အခမဲ့ဝေငှပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာရန်ဂျန်မထိုင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Dr. Villur Sundararajan Seshadri တက်ရောက်သည်။

တွေ့ဆုံရာ၌ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ရန်ဂျန်မထိုင်းအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတစ်နိုင်ငံ၏ ပြီးပြည့်စုံသည့် ဖွံ့ဖြိုးတိုးတက်မှုတွင် အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုသည် အဓိကကျ

လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးထုစွမ်းအားကို အပြည့်အဝအသုံးချနိုင်ရန် မူဝါဒများချမှတ်ဆောင်ရွက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနား၌ အမှာစကားပြောကြား

အမှာစကား ပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်းနှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ နာယကများ၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကား ပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အဖြစ် နှစ်စဉ် မတ် ၈ ရက်ကို ဂုဏ်ပြုသတ်မှတ်ထားပါကြောင်း၊ ယနေ့အခမ်းအနားကို ကမ္ဘာနှင့်အဝန်း၌ ကျင်းပနေသကဲ့သို့ မိမိတို့ နိုင်ငံတွင်လည်း သိုက်မြိုက်ထည်ဝါစွာ နိုင်ငံတော်အခမ်းအနားတစ်ရပ်အဖြစ် ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်၏ လူဦးရေထက်ဝက်ကျော်ရှိသည့် မြန်မာအမျိုးသမီးများ၏ အရေးပါသည့် အခန်းကဏ္ဍကို ပေါ်လွင်ထင်ရှားစေပါကြောင်း။

၁၉၉၅ ခုနှစ် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပခဲ့ပြီး အဓိကလုပ်ငန်းစဉ် (၂)ရပ် ချမှတ်ခဲ့ကြောင်း၊ ပထမလုပ်ငန်းစဉ်မှာ နိုင်ငံတော်အဆင့် လုပ်ငန်းယန္တရားတစ်ခု ဖွဲ့စည်းဆောင်ရွက်ရန်ဖြစ်ပြီး ဒုတိယလုပ်ငန်းစဉ်မှာ လုပ်ငန်းအစီအစဉ် (Action Plan) ရေးဆွဲဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး နိုင်ငံတော်အဆင့် ယန္တရားဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ်၊ ဇူလိုင် ၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့အပြင် အမျိုးသမီးကဏ္ဍလုပ်ငန်းများ ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ်တွင် စတင်ဖွဲ့စည်းပြီး လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသားရေးဆိုင်ရာ အခြေခံမူ၊ တိုင်းရင်းသားရေးဆိုင်ရာအခြေခံမူ၊ ဘာသာရေးဆိုင်ရာအခြေခံမူ၊ လူမှုရေးဆိုင်ရာအခြေခံမူနှင့် အမျိုးသမီးရေးရာအခြေခံမူများကို ချမှတ်ခဲ့ပြီး အခြေခံမူများနှင့်အညီ အမျိုးသမီးများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး လိုအပ်ချက်များကို သက်ဆိုင်ရာလုပ်ငန်းများအလိုက် အောက်ခြေအဆင့်အထိ ကြိုးပမ်းဆောင်ရွက်လာခဲ့သည်မှာ ယခုဆိုလျှင် (၈)နှစ်တာကာလ ကျော်လွန်လာပြီဖြစ်ပါကြောင်း၊ ဤကာလအတွင်း အမျိုးသမီးရေးရာအဖွဲ့ဝင်ဦးရေသည် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အဖွဲ့ဝင် ၅ ဒသမ ၄ သန်းခန့်ရှိပြီး ယနေ့ နိုင်ငံတော်၏ အမျိုးသားရေးအင်အားစုကြီးတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်လျက်ရှိကြောင်း။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ကျန်းမာရေးကဏ္ဍ၌ ကျေးလက်ဒေသကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားပါက ထိထိရောက်ရောက်ကုသပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများအပြင် ရောဂါကြီးသုံးမျိုးဖြစ်သည့် HIV/AIDS ရောဂါ၊ *စာမျက်နှာ ၉ ကော်လံ ၃* ▲